# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (28-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၄)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စီမံကိန်းဖြစ်ပေါ်လာသည့် အခြေအနေများနှင့် စီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းများ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် နှစ်နိုင်ငံကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်လာစေနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်...


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော





မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဗိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# အကျင့်စာရိတ္တများ မြဲမြံအောင်စောင့်ထိန်း

ငယ်ရွယ်စဉ်ကလေးဘဝတွင် မိဘများက မိမိတို့၏သားသမီးများကို အကျင့်စာရိတ္တကောင်းမွန်စေရန် ဆိုဆုံးမလေ့ရှိကြသည်။ ကျောင်းနေအရွယ်သို့ရောက်သောအခါတွင်လည်း ဆရာ၊ ဆရာမများက အကျင့်စာရိတ္တကောင်းသည့် တပည့်များဖြစ်လာစေရန် တတ်စွမ်းသမျှ လေ့ကျင့်ပျိုးထောင်ပေးကြသည်။

လူတစ်ဦးသည် မည်ကဲ့သို့သောအခြေအနေ၊ အချိန်အခါ၊ ဘယ်သို့သောနေရာ၌မဆို မပြောင်းလဲသောစိတ်ဓာတ်၊ မလျှော့သောဇွဲဖြင့် စိတ်ဓာတ်ခွန်အားရှိမှုတို့သည် မြင့်မြတ်သောလူ့အဆင့်အတန်းရှိသူ၊ တန်ဖိုးရှိသောလူအဖြစ် ပြသနေသကဲ့သို့ ထိုသူ၏အကျင့်စာရိတ္တကောင်းမွန်မှုသည်လည်း အဓိကလိုအပ်ချက်ဖြစ်ပေသည်။

လူ့လောက၌ ဘာသာတရားများစွာရှိပေသည်။ ဘာသာတရားများ မည်သို့ပင်ကွဲပြားခြားနားစေကာမူ အကျင့်စာရိတ္တကောင်းမွန်သောသူဖြစ်ရန်မှာ အလွန်အရေးကြီးလှပေသည်။ ထို့ကြောင့် လူတစ်ယောက်ကို ပေါင်းသင်းဆက်ဆံပြောဆိုရာတွင် ထိုသူ၏ပစ္စည်းဥစ္စာ၊ ရာထူးအဆင့်အတန်း၊ ဘာသာတရားခြားနားမှုကိုမကြည့်ဘဲ အကျင့်စာရိတ္တကောင်းမွန်မှုကိုကြည့်၍ ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်သည်။

လူတိုင်း အကျင့်စာရိတ္တကောင်းသူများဖြစ်ချင်ကြသည်။ အကျင့်စာရိတ္တကောင်းမွန်အောင်လည်း နေထိုင်လိုကြသည်။ သို့သော် အကျင့်စာရိတ္တပျက်ပြားစရာအကြောင်းကိစ္စများနှင့် ကြုံရသောအခါများတွင် အကျင့်စာရိတ္တများ ပျက်ပြားကြရသည်။ စီးပွားဥစ္စာရှားပါးသူများကလည်း ရှားပါးသည့်အလျောက်၊ စီးပွားဥစ္စာရှိသူများကလည်း လောဘအလျောက် အကျင့်စာရိတ္တပျက်မှုများဖြစ်လာကြသည်။

လူ့လောကပတ်ဝန်းကျင်တွင်လည်း အကျင့်ပျက်ခြစားသော အဂတိလိုက်စားမှုများကို ကြားသိမြင်တွေ့နေရသည်။ အလုပ်လိုချင်သူက အလုပ်ရချင်သောကြောင့် တံစိုးလက်ဆောင်များပေးကြသည်။ ရအောင်လုပ်ပေးမည်ဟုပြောကာ ယူသူကလည်းယူသည်။ ပေးသူများကလည်း ပေးကြသည်။ အလုပ်ရသည်၊ မရသည်ထက် အကျင့်စာရိတ္တများ ပျက်စီးလာကြသည်။ တစ်နည်းအားဖြင့် လိုချင်တပ်မက်မှုလောဘကြောင့် အကျင့်စာရိတ္တများ ယိုယွင်းပျက်စီးလာခြင်းဖြစ်သည်။

ထို့ကြောင့် အကျင့်စာရိတ္တကောင်းများ၏ အခြေခံအုတ်မြစ်ဖြစ်သည့် မြင့်မြတ်သောရည်ရွယ်ချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများထားရှိရန် လိုအပ်ပေသည်။ မြင့်မြတ်သောရည်ရွယ်ချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများရှိလျှင် နိမ့်ကျသော၊ အောက်တန်းကျသော အကျင့်စာရိတ္တပျက်ပြားစေသောလုပ်ရပ်များမလုပ်ဘဲ မြင့်မြတ်သော၊ ဂုဏ်သိက္ခာရှိသော လုပ်ရပ်များကို ရွေးချယ်လုပ်ဆောင်လာကြမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တများသည် မိမိဘဝအတွက်သာမက မိမိ၏လူမှုအဖွဲ့အစည်း၊ မိမိနိုင်ငံအတွက်ပါ အရေးပါလျက်ရှိသည်။ ထို့ကြောင့် မကောင်းသောအကျင့်စာရိတ္တများကိုဖယ်ထုတ်၍ အကျင့်စာရိတ္တကောင်းများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး စွယ်တော်မြတ်စေတီတော်တွင် ပဉ္စမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ငါးရက်ကြာပြုလုပ်သွားမည်



**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ မန္တလေး စွယ်တော်မြတ်စေတီတော်တွင် ပဉ္စမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေး စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောပြ၍ သိရသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မန္တလေး စွယ်တော်မြတ်စေတီတော်၏ ဂန္ဓကုဋိတိုက်တော်အတွင်း၌ အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပြီး မတ် ၃ ရက်မှ ၇ ရက်ထိ ငါးရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးစွယ်တော်မြတ်စေတီတော်ရဲ့ ပဉ္စမအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲမှာ မန္တလေးမြို့ပေါ်မှာရှိတဲ့ ဆရာတော်၊ သံဃာတော် ၃၂ ပါးကို ပင့်ဖိတ်ပြီးတော့ ရွတ်ဖတ်ပူဇော်သွားမှာပါ။ စေတနာရှင်ပြည်သူတွေအနေနဲ့ လာရောက်ပါဝင်လှူဒါန်းနိုင်ပါတယ်။ မြန်မာသက္ကရာဇ်နဲ့ဆိုရင် တပေါင်းလဆန်း ၁၃ ရက်ကနေ တပေါင်းလပြည့်ကျော် ၂ ရက်ထိ ကျင်းပသွားမှာပါ။ မြတ်စွာဘုရားရဲ့ ပဋ္ဌာန်းတန်ခိုးတော်နဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ ဘေးအန္တရာယ်ကင်းရှင်းဖို့ ရည်ရွယ်ချက်နဲ့ အစဉ်အလာမပျက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆောင်ရွက်တာဖြစ်ပါတယ်"ဟု မန္တလေး စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောပြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ပဋ္ဌာန်းနာယကဆရာတော်ရှစ်ပါးနှင့် ပဋ္ဌာန်းဘာဏကဆရာတော် ၂၄ ပါး စုစုပေါင်း သံဃာတော် ၃၂ ပါးဖြင့် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း၊ ပဋ္ဌာန်းသိမ်းအောင်ပွဲနေ့တွင်လည်း ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသွားမည်ဖြစ်ရာ စေတနာရှင်ပြည်သူများအနေဖြင့် မည်သူမဆို လာရောက် လောင်းလှူပူဇော်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်း၊ ချော်ဆိပ်ကမ်းတို့သို့ ပြည်ပမှတင်သွင်းသောကုန်စည်တင်ပို့သည့်သင်္ဘော များပြားလာ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းနှင့် ချော်ဆိပ်ကမ်းတို့သို့ ပြည်ပမှတင်သွင်းသော ကုန်စည်များတင်ပို့သည့် သင်္ဘောများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် ရေလမ်းကြောင်းမှတစ်ဆင့် ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းနှင့် ချော်ဆိပ်ကမ်းသို့ ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် အခြားဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တင်ပို့မှုများပြားလာကြောင်း၊ ၎င်းကုန်စည်များထဲတွင် ယခုလက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ပစ္စည်းများ တင်ပို့မှုအများဆုံးဖြစ်နေကြောင်း သိရသည်။

"အခု ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ပေမဲ့လဲ ရေလမ်းကြောင်း ကောင်းမွန်နေပြီးတော့ ကုန်စည်တင်ပို့တဲ့သင်္ဘောတွေ အဆင်ပြေစွာ သွားလာနေပါတယ်။ ပြည်ပ တရုတ်နိုင်ငံဘက်ကနေ တင်သွင်းတဲ့ ကုန်စည်တွေကို ဧရာဝတီမြစ်ရေလမ်းကြောင်းကနေ တစ်ဆင့် ဗန်းမော်ဆိပ်ကမ်းကနေ မန္တလေး ဂေါဝိန်ဆိပ်ကမ်းနဲ့ ချော်ဆိပ်ကမ်းကိုတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေ အခုတော်တော်လေး များလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းနှင့် ချော်ဆိပ်ကမ်းသို့ အဝတ်အထည်၊ အလှကုန်နှင့် လူသုံးကုန်၊ စားသောက်ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများတင်ပို့သည့် ကုန်တင်သင်္ဘောများမှာ ဖေဖော်ဝါရီလ ဒုတိယပတ်က အစီးရေ ၄၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ ကုန်ပစ္စည်းများတင်ပို့သည့် သင်္ဘောအစီးရေ ၉၀ ကျော်ထိရှိလာပြီး သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် မြေထောက်ပဲနှင့် နှမ်းဖြူ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် နှမ်းဖြူ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခင်က ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် မြေထောက်ပဲနှင့် နှမ်းဖြူမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုအခါ မြေထောက်ပဲနှင့် နှမ်းဖြူကို ကုန်သည်များက ဝယ်ယူမှုများပြားလာသဖြင့် အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။

"မြေထောက်ပဲနဲ့ နှမ်းဖြူက အရင်တစ်ပတ်လောက်က အဝယ်သိပ်ပြီးမလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ဖေဖော်ဝါရီ ၂၀ ရက် ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ထိရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ဖေဖော်ဝါရီ ၂၀ ရက် ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ သာ ရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀ ထိရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရယ်မြို့နယ် လုတ်ခိုက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေး

**မိုင်းရယ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ဟိုတိကျေးရွာအုပ်စု လုတ်ခိုက်ကျေးရွာတွင် စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက အဆိုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၄၆၂ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လုတ်ခိုက်ကျေးရွာရှိ အသင်းသားများကို ပဥ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် လေးရပ်နန်းမတော်ရပ်ကွက်နေ ဒေါ်တင်ပြည့်(မွေးနေ့အထိမ်းအမှတ်)မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျ ဆရာဝန် ဒေါက်တာဒေါ်ခင်ဦးကြည်က လက်ခံရယူစဉ်။

# နေပြည်တော်မြို့နယ်တွင် နွေစပါးကေ ၂၀၄၄၀ စိုက်ပျိုးပြီးစီး



**နေပြည် ဖေဖော်ဝါရီ ၂၇**

ရေဝတီတိုင်းဒေသကြီး နေပြည်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးကေ၂၀၄၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း နေပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

နေပြည်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးလျာထားဧက ၂၉၄၄၀ ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်စိုက်ပျိုးလျက်ရှိရာ ယနေ့ထိ နွေစပါးကေ ၂၀၄၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်သည့် နွေစပါးစိုက်ကေများကိုလည်း လျာထားချက်ပြည့်မီစေရန် ဆက်လက် စိုက်ပျိုးနေကြောင်း၊ အဆိုပါနွေစပါးများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ စသည့် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"နေပြည်မြို့နယ်အနေနဲ့ အခုနှစ် နွေစပါးစိုက်ပျိုးရာသီမှာ နွေစပါးကေ ၂၉၄၄၀ လျာထားစိုက်ပျိုးနေပါတယ်။ နွေစပါးကို လျာထားချက်အတိုင်းပြည့်မီစေဖို့ ဆက်လက်စိုက်ပျိုးနေပါတယ်။ အခုနှစ် နွေစပါးကို စောစောစိုက်ပျိုးနိုင်ဖို့၊ သွင်းအားစုနဲ့ အခြားစိုက်ပျိုးရေးသုံးပစ္စည်းတွေ စနစ်တကျအသုံးပြုပြီး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ နွေစပါးစိုက်နည်းစနစ် မှန်ကန်စေဖို့နဲ့ နောက်ထပ် အဓိကအရေးပါတဲ့ ဆည်မြောင်းတွေပြုပြင်တာ၊ တာတမံကျိုးပေါက်တာတွေမရှိစေဖို့ တာပေါင်မြှင့်တင်တာ၊ ရေသွယ်ဆည်မြောင်းတွေ မြေသားတူးဖော်ပေးတာ၊ ရေစိမ့်ပေါက် ရေထွက်ပေါက်တွေရှာဖွေပေးတာ၊ ရွှံ့ချကာကွယ်နိမ်နင်းတာ စတဲ့လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်တဲ့ဌာနတွေ၊ အခြားဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု နေပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

နေပြည်မြို့နယ်တွင် နွေစပါးလျာထားဧက ၂၉၄၄၀ စိုက်ပျိုးရာ၌ စိုက်ပျိုးသည့်စပါးအမျိုးအစားများမှာ ရက် ၉၀၊ သီးထပ်ရင်၊ ထိုင်းဘေးကျားအလယ်ဗင်းစသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ နွေစပါးများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းစေရန်လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နေပြည်မြို့နယ်တွင် ပြီးခဲ့သည့် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါး ၉၈၉၈၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း နေပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပုသိမ်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် တာဝန်ရှိသူများက တောစုကျေးရွာနှင့် ကျွန်းဆင်ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်း၊ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချပြီး ရေရှည်တည်တံ့ခိုင်မြဲရေးပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျွန်းဆင်ကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၁၈ သန်းဖြင့် အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ တောစုကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၁၈ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၁၉၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ အကျယ် နှစ်လက်မ၊ အရှည်ပေ ၃၀၀ ရှိ PVC ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။

**ချစ်ဦးကို**

# ရမည်းသင်းမြို့နယ် ရှမ်းဘုရားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းဘုရားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရှမ်းဘုရားကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရမည်းသင်းမြို့နယ် ရှမ်းဘုရားကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန်၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Myanmar Stable Group ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ရှမ်းဘုရားကျေးရွာရှိ အိမ်ခြေ ၃၆၅ အိမ်၊ လူ ၁၂၅၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ငလျင်၏သဘောသဘာဝ (အပိုင်း-၁)

ပါမောက္ခကိုကိုအောင်



ဤကမ္ဘာမြေကြီးသည် အက်ပြီးမကွဲသေးသော ကြက်ဥပမာပင်ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိ အကျိအချွဲများနှင့် ကပ်ငြိနေသည့်အတွက် ဝေးရာသို့ ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံကွဲစကလေးများနှင့်သဏ္ဍာန်တူသည့် ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက်တည်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို ကျောက်ချပ်လွှာအစုအဖွဲ့ပေါင်း ၂၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းကျောက်ချပ်လွှာကြီးများသည် တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို တစ်ခါတစ်ရံ၌မူ တစ်နေရာဆီသို့ ကွဲထွက်သွားကြလေ့ရှိသည်။ ကျောက်ချပ်လွှာကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ၎င်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့် တည်နေပုံများက အခါအားလျော်စွာ ပြောင်းလဲနေကြရသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာခြားနေသော တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့သည် လွန်ခဲ့သောနှစ်ပေါင်း ၁၃၅ သန်းခန့်က တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြရာမှ ကျောက်ချပ်လွှာကြီးများ၏ရွေ့လျားမှုကြောင့် လိုက်ပါရွေ့လျားရင်း ပထဝီအနေအထား ပြောင်းလဲလာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းရှိ ပူလောင်နေသည့် ကျောက်ချော်ရည်များသည် မြင့်မားသော ဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင် အခွံပိုင်းသို့ တိုးထွက်ရောက်ရှိလာခြင်းဖြင့် အခွံလွှာအသစ်ကို ဖြစ်ပေါ်စေသည်။ အသစ်ဖြစ်ပေါ်လာသည့် အခွံလွှာ၏အောက်သို့ ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် အတွင်းပိုင်းထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင် အခွံပိုင်းသည် အမြဲတမ်းပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ် ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေတိုက်ကြီးများ၏အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်းမဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယံတို့ ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့် မဂ္ဂနီဆီယံတို့ရောနှောနေသည့် Basalt ခေါ် မီးတောင်ချော်နက် ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ၎င်းတို့ထက် ပို၍လေးလံမာကျောသော သမုဒ္ဒရာကြမ်းပြင် မီးတောင်ချော်နက် ကျောက်များပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာမြေ၏နက်ရှိုင်းသော အတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင်ကွဲထွက်ရာ အက်ကြောင်းများမှ တစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ရောက်ရှိသည့်အခါ အေး၍မာကျောသွားကြပြီး သမုဒ္ဒရာကြမ်းပြင်အသစ်ကို ဖြစ်ပေါ်လာစေသည်။

သာဓကအားဖြင့် အတ္တလန္တိတ် သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏ တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားသည့်နှုန်း အလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာ အနည်းငယ်မျှသာ ခရီးပေါက်ရောက်သည်။ ထိုကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏အစွန်းသို့ ရောက်ရှိလာသည့်အခါ ပိတ်ဆို့ခံရသကဲ့သို့ဖြစ်ပြီး တိုက်ကြီးများ၏အောက်သို့ ဝင်ရောက်ကျဆင်းသွားသည်။ နက်ရှိုင်းသည့် အတွင်းပိုင်းသို့အရောက်တွင် ပြင်းထန်လွန်းသော အပူရှိန်ကြောင့် အရည်ပျော်သွားသည်။ ဤနည်းဖြင့် သမုဒ္ဒရာကြမ်းပြင်တို့သည် အမြဲတမ်းဆိုသလို အသစ်နှင့်အဟောင်း လဲလှယ်ဖြစ်ပေါ်လျက်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှ အက်ကွဲကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သော ငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြတ်ရွေ့ကြောင်း(Fault)ဟု ခေါ်ဆိုကြသော အဆိုပါအက်ကွဲကြောင်းများ တစ်လျှောက်နှင့်အနီးတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သမုဒ္ဒရာရေပြင်အောက် တောင်တန်းများထိ ရောက်ရှိသော ၎င်းအက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသောအတွင်းပိုင်းရှိ အလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာပေါက်ကွဲပြီး အပြင်သို့တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သော ငလျင်များကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာပေါ်ရှိ ပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိ ပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ ၎င်းပြတ်ရွေ့ကြောင်းသည် အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေရှိ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ တည်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကြီးသည် ကျောက်ချပ်လွှာကြီး နှစ်ခုပေါ်၌ ခွလျက်တည်ရှိနေသည်။ ပစိဖိတ် ကျောက်ချပ်လွှာပေါ်၌ တစ်စိတ်တစ်ပိုင်းတည်ရှိနေပြီး မြောက်အမေရိက ကျောက်ချပ်လွှာပေါ်၌ ကျန်အစိတ်အပိုင်းကတည်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကို ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြားထားလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၏ တစ်စိတ်တစ်ပိုင်း တည်ရှိရာနေရာဖြစ်သော ပစိဖိတ်ကျောက်ချပ်လွှာသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနေစဉ် ကျန်တစ်စိတ်တစ်ပိုင်းတည်ရှိနေသော မြောက်အမေရိက ကျောက်ချပ်လွှာကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်ချပ်လွှာကြီး နှစ်ခု၏ ဆုံရာဖြစ်သော ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီး တစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးများ ဖြစ်ပေါ်လေ့ရှိသည်။

သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ခဲ့ပြီးဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးမှ ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသလို မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သော ပြတ်ရွေ့ကြောင်းများ အများအပြားတည်ရှိနေသည်။ ၁၉၉၄ ခုနှစ် ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်းငယ်ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။

**❖ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သော ငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြတ်ရွေ့ကြောင်း(Fault)ဟု ခေါ်ဆိုကြသော အဆိုပါအက်ကွဲကြောင်းများ တစ်လျှောက်နှင့်အနီးတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သမုဒ္ဒရာရေပြင်အောက် တောင်တန်းများထိရောက်ရှိသော ၎င်းအက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသောအတွင်းပိုင်းရှိ အလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာပေါက်ကွဲပြီး အပြင်သို့တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သော ငလျင်များကို ဖြစ်ပေါ်လာစေသည်။ ❖**

အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြီးသည်လည်း ပြတ်ရွေ့ကြောင်းများနှင့် နီးကပ်သောနေရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ငလျင်ကြီးသည် မြို့တော်တိုကျိုနှင့် ယိုကိုဟားမားဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွားပျက်စီးစေခဲ့သည်။

ထို့အတူ သမ္မတနန်းတော် အဆောက်အအုံကြီးပါပြိုကျခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကိုပါ တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်သည်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှု ကြီးမားလွန်းသောကြောင့် လမ်းပန်းဆက်သွယ်ရေးကိုပါ ပြတ်တောက်သွားစေခဲ့သော ချီလီငလျင်သည်လည်းကောင်း၊ လူအသေအပျောက်အလွန်များခဲ့သည့် တရုတ်နိုင်ငံ စီချွမ်ငလျင်သည်လည်းကောင်း၊ မြို့တစ်မြို့လုံးနီးပါးကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရသည့် ဂျပန်နိုင်ငံ ကိုဘေးငလျင်သည်လည်းကောင်း၊ မကြာသေးမီက ဖြစ်ပွားခဲ့သော နီပေါငလျင်နှင့် အီကွေဒေါငလျင်တို့သည်လည်းကောင်း အရွယ်အစားအမျိုးမျိုးရှိကြသည့် ပြတ်ရွေ့ကြောင်း ကြီးငယ်အသွယ်သွယ်တို့ကိုဗဟိုပြုလျက်သို့တည်းမဟုတ် ပြတ်ရွေ့ကြောင်းများ၏ အနီးပတ်ဝန်းကျင်ကို ဗဟိုပြုလျက် ဖြစ်ပွားခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့ခေတ် သိပ္ပံနှင့်နည်းပညာများ အလွန့်အလွန် တိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကို ကြိုကြိုတင်တင်ခန့်မှန်းနိုင်ခြင်း မရှိကြသေးပေ။ ကမ္ဘာ့ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက်လှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင်ထောက်လှမ်းသိရှိနိုင်သည့် တိုင်းတာရေးစခန်းကွန်ရက်ကြီးကိုအမေရိကန်ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။

ငလျင်အစ မြေအောက်လှုပ်ရှားမှုများကို တိုင်းတာသည့် စခန်းပေါင်း တစ်ထောင်ကျော်ကို စီရင်စုတစ်ခုချင်းစီအလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ် ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင်သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသ အရှေ့ဘက်မိုင် ၈၀ ခန့်အကွာနေရာ၏မြေအောက်အနက် ၂၅ ဒသမ ၂ မိုင်ကို ဗဟိုပြု၍ ကိုးမဂ္ဂနီကျူရှိ အင်အားအလွန်ပြင်းထန်သောငလျင်ကြီးလှုပ်ခတ်ခဲ့သည်။

ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန်ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာ ကြိုသိရသည့် ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်းအချိန်ရနိုင်သလောက် ကြိုတင်ထုတ်ပြန်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှု ကြီးမားကျယ်ပြန့်ခဲ့သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည့် အဆိုပါပျက်စီးဆုံးရှုံးမှုနှင့် နှိုင်းစာလျှင် လူအသေအပျောက်အလွန်နည်းပါးခဲ့သည်။ ထိုအင်အားပြင်း ငလျင်ကြီးကြောင့် ဂျပန်ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၇၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့လည်း ၁၀ ပေခန့်မြင့်တက်လာခဲ့သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရှင်နှင့်အမျှ

\- သည်ပန်းကို တမြတ်တနိုး
ကိုယ်တိုင်ပျိုး စိုက်ခဲ့တယ်။

\- ပွင့်ချိန်တန် ပန်းမကိုင်မှ
နန်းထိုက်ဖို့ရွှယ်။

\- မျှော်လင့်ချက် ကြီးစွာရယ်
တင့်တယ်စေ ကိုယ့်ဆန္ဒ။

\- ပွင့်ဦးညှာ
ဝင့်မြူးလာ ဝေချိန်အခိုက်မှာပေါ့
မနှစ်ခြိုက်ရာ မူသွင်မသန့်ပုံရယ်နဲ့
ပန်းမျိုးညှံ့ စံဖွဲ့မမီလေတော့
ပန်းဂုဏ်ရည် နွမ်းကြေညိုးသော်ငြား
ကိုယ်ပျိုးရာ ကိုယ်ချစ်ပန်းပေမို့
ပန်းသက်ခြွေ မေတ္တာမခန်းနိုင်ဘု
လှုရိပ်မြုံ ဥယျာဉ်နန်းမှာလ
ကမ်းလျက်သာ တာဝန်မလင့်စွာနဲ့
အစွမ်းကုန် ပန်းဂုဏ်မြှင့်မယ်လို့
ပန်းသခင် သစ္စာဆင့်ခဲ့တယ်
(ကွယ်. . .)
ရှင်နှင့်အမျှ . . .။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ရောဝတီတိုင်းဒေသကြီးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၃၇၀၈၀၀ နှင့် ဆောင်းပဲတီစိမ်း ၁၀၉၂၂၇ ဧက စိုက်ပျိုးပြီးစီး

**မှသိမ် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးဧက ၃၇၀၈၀၀ နှင့် ဆောင်းပဲတီစိမ်း ၁၀၉၂၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး အဆိုပါ သီးနှံများကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်၍ တစ်ဦးချင်းဝင်ငွေတိုးတက်စေရန်အတွက်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ကာ နွေစပါးနှင့် ဆောင်းပဲတီစိမ်း သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဧရာဝတီတိုင်းဒေသကြီး၌ နွေစပါးသီးနှံဧက ၄၀၆၀၀၀ နှင့် ဆောင်းပဲတီစိမ်းသီးနှံဧက ၁၅၀၀၀၀ ထိ စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလျာထား စိုက်ပျိုးဆောင်ရွက်နေသည့် နွေစပါးသီးနှံအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော ယူရီးယားဓာတ်မြေဩဇာများနှင့် ဆောင်းပဲတီစိမ်း စိုက်ဧကများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှင့် ညီမျှသော ရွက်ဖျန်းပိုးသတ်ဆေးများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ဖေဖော်ဝါရီ ၂၄ ရက်ထိ နွေစပါးလျာထားစိုက်ပျိုးဧက ၄၀၆၀၀၀ အနက်ဧက ၃၇၀၈၀၀ နှင့် ဆောင်းပဲတီစိမ်းလျာထားစိုက်ဧက ၁၅၀၀၀၀ အနက် ၁၀၉၂၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် နွေစပါးစိုက်ဧကနှင့် ဆောင်းပဲတီစိမ်းစိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**



# ငဖဲမြို့နယ် ပျဉ်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇင်ပြွန်းကျေးရွာအုပ်စု ပျဉ်းဝကျေးရွာနှင့် မကျီးကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ပျဉ်းဝကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ပျဉ်းဝကျေးရွာနှင့် မကျီးကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ပျဉ်းဝကျေးရွာနှင့် မကျီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို အဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြူလေး**

# ဇီးကုန်းမြို့နယ် အောက်ကျောက်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ အောက်ကျောက်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အောက်ကျောက်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အောက်ကျောက်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုညို**

## နိုင်ငံတကာ သတင်းများ

# ပြင်သစ်နိုင်ငံသမ္မတ မက်ခရွန် အာဖရိကသို့ သွားရောက်မည်

**ပဲရစ် ဖေဖော်ဝါရီ ၂၇**

ပြင်သစ်နိုင်ငံ၏ ဩဇာကို ပြန်လည်တည်ဆောက်ရန် ကြိုးစားသည့်အနေဖြင့် ပြင်သစ်သမ္မတ မက်ခရွန်သည် ယခုရက်သတ္တပတ်အတွင်း အာဖရိကတိုက်သို့ သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဖရိက ခရီးစဉ်အတွင်း ပြင်သစ်သမ္မတ မက်ခရွန်သည် ကွန်ဂိုမြစ်ဝှမ်း လွင်ပြင်ဒေသ အာဖရိကနိုင်ငံ သုံးနိုင်ငံနှင့် အင်ဂိုလာနိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။

မကြာသေးမီကာလများအပြင် ပြင်သစ်နိုင်ငံသည် အစဉ်အလာအရ ၎င်း၏ ဩဇာကြီးမားသော အာဖရိကနိုင်ငံများ၌ စစ်ရေးနှင့် နိုင်ငံရေးအရ ဘေးထုတ်ခံရမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း မာလီနိုင်ငံအတွင်းရှိ ပြင်သစ်တပ်များကို ရုပ်သိမ်းပေးခဲ့ရသလို ဘာကီနာဖာဆိုနိုင်ငံမှ တပ်ဖွဲ့ဝင်များကိုလည်း ယခုလအတွင်းမှာပင် ရုပ်သိမ်းပေးခဲ့ရသည်။

ရုရှား၏ ပြင်သစ်ဆန့်ကျင်ရေး ဝါဒဖြန့်လုပ်ငန်းများကြောင့်အာဖရိကတိုက်၌ ပြင်သစ်ဩဇာကျဆင်းလာခြင်းဖြစ်သည်ဟု ပြင်သစ်သမ္မတ မက်ခရွန်က စွပ်စွဲထားကြောင်း သိရသည်။

အာဖရိက ခရီးစဉ်အတွင်း သမ္မတ မက်ခရွန်သည် ဂါဘွန်နိုင်ငံ၌ ကျင်းပမည့် သစ်တောထိန်းသိမ်းရေးညီလာခံတစ်ခုသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

KKO



# ထိုင်ဝမ်ရေလက်ကြားသို့ အမေရိကန် လေယာဉ်ဖြတ်သန်းမှု တရုတ်ဝေဖန်

**ပေကျင်း ဖေဖော်ဝါရီ ၂၇**

ထိုင်ဝမ်ရေလက်ကြားငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အမေရိကန်နိုင်ငံက အန္တရာယ်ပေးနေကြောင်း တရုတ်နိုင်ငံက ယနေ့တွင် ဝေဖန်လိုက်သည်။

အမေရိကန်လေတပ်မှ ပီ-၈ အေ ပိုဆီဒွန်အမျိုးအစား ကင်းထောက်လေယာဉ်တစ်စင်း ထိုင်ဝမ်ရေလက်ကြားကို ဖြတ်ကျော်ပျံသန်းပြီးနောက် တရုတ်နိုင်ငံက အဆိုပါအတိုင်း ဝေဖန်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထိုင်ဝမ်ရေလက်ကြား ဒေသတည်ငြိမ်အေးချမ်းမှုကို အမေရိကန်နိုင်ငံက ရည်ရွယ်ချက်ရှိရှိ ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေကြောင်း ထိုင်ဝမ်ရေလက်ကြားကို ပီ-၈ အေ ပိုဆီဒွန် ကင်းထောက်လေယာဉ် ဖြတ်သန်းပြီးနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)အရှေ့ပိုင်းစစ်ဒေသဌာနချုပ်က ကြေညာချက်ထုတ်ပြန်ထားသည်။


အမေရိကန် ကင်းထောက်လေယာဉ် ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းနေစဉ် အရှေ့ပိုင်းစစ်ဒေသဌာနချုပ်၏ တပ်ဖွဲ့များက အနီးကပ်စောင့်ကြည့်ခဲ့ကြကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

ထိုင်ဝမ် ရေလက်ကြားအပေါ် တရုတ်ပြည်၏ အချုပ်အခြာအာဏာပိုင်စိုးကြောင်း ပြောကြားထားသည့် တရုတ်နိုင်ငံသည် ယင်းရေလက်ကြားအား အမေရိကန်စစ်သင်္ဘောနှင့် စစ်လေယာဉ်များ ဖြတ်သန်းမှုကို ဝေဖန်လေ့ရှိသည်။

သို့သော် ထိုင်ဝမ်ရေလက်ကြားမှာ မည်သူမဆို လွတ်လပ်စွာဖြတ်သန်းနိုင်သော နိုင်ငံတကာရေပြင်ဖြစ်သည်ဟု အမေရိကန်နိုင်ငံက ပြောကြားထားကြောင်း သိရသည်။

KKO

# အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမီးရှိုကရိုင်း ဆီးရီးယားသမ္မတနှင့် တွေ့ဆုံဆွေးနွေး



**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၇**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ရောက်ရှိနေသော အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမီးရှိုကရိုင်းသည် ယနေ့တွင် ဆီးရီးယားသမ္မတ အာဆတ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံခြားရေး ဝန်ကြီး ဆာမီးရှိုကရိုင်း၏ အဆိုပါခရီးစဉ်သည် ဆီးရီးယားပြည်တွင်းစစ်စတင်ခဲ့သော ၂၀၁၁ ခုနှစ်နောက်ပိုင်း အီဂျစ်ထိပ်တန်းသံတမန်တစ်ဦး၏ ပထမဆုံး ဒမတ်စကတ်ခရီးစဉ်ဖြစ်သည်။

ထို့ပြင် အဆိုပါခရီးစဉ်သည် ဆီးရီးယားသမ္မတ အာဆတ်နှင့် တစ်ချိန်က ၎င်းကို ပစ်ပယ်ခဲ့ကြသော အာရပ်နိုင်ငံများအကြား ဆက်ဆံရေးပြန်လည်နွေးထွေးလာမှု၏ လက္ခဏာလည်းဖြစ်သည်။

ယခုလ အစောပိုင်းတွင် ဆီးရီးယားနှင့် အိမ်နီးချင်းတူရကီနိုင်ငံတို့၌ ငလျင်ဒဏ်ကျရောက်ခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံသည် အာရပ်နိုင်ငံများ၏ အကူအညီများကို ပြန်လည်ရရှိခဲ့သည်။

ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဆီးရီးယားနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရေးအတွက် ဆွေးနွေးရန်နှင့် ဆီးရီးယားနှင့် အီဂျစ်သွေးစည်းမှုကို ပြသရန်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဆီးရီးယားပြည်တွင်းစစ်စတင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၏ မဟာမိတ်အာရပ်နိုင်ငံအများအပြားသည် အစိုးရဆန့်ကျင်ရေးသူပုန်များကို အားပေးခဲ့ကြသော်လည်း ပြီးခဲ့သည့်နှစ်များအတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)အပါအဝင် အာရပ်နိုင်ငံများက ဆီးရီးယားနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထားရှိရန် ကြိုးစားလာခဲ့ကြကြောင်း သိရသည်။

KKO

# ယခုနှစ်အတွင်း လေယာဉ်အမှုထမ်း ၄၂၀၀ နှင့် လေယာဉ်မှူး ၉၀၀ ခေါ်ယူရန် အိန္ဒိယနိုင်ငံအခြေစိုက် အဲအင်ဒီးယားလေကြောင်းလိုင်း စီစဉ်

**ဒေလီ ဖေဖော်ဝါရီ ၂၇**

ခရီးသည်တင် ဂျက်လေယာဉ် အစင်း ၄၇၀ ဝယ်ယူရန် အပြီးသတ်မှာကြားခဲ့ပြီးနောက် အိန္ဒိယနိုင်ငံအခြေစိုက် အဲအင်ဒီးယားလေကြောင်းလိုင်းသည် ယခုနှစ်အတွင်း လေယာဉ်အမှုထမ်း ၄၂၀၀ နှင့် လေယာဉ်မှူး ၉၀၀ တို့ကို ခေါ်ယူရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲအင်ဒီးယား လေကြောင်းလိုင်းကို ပိုင်ဆိုင်ထားသော တာတာကုမ္ပဏီအုပ်စုသည် ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် ဘိုးအင်းကုမ္ပဏီတို့မှ ဂျက်လေယာဉ်သစ် အစင်း ၄၇၀ ဝယ်ယူရေးသဘောတူညီချက်ကို ယခုလအစောပိုင်းတွင် ရရှိခဲ့သည်။

လေယာဉ်သစ်များ မှာယူပြီးနောက် မိမိတို့အနေဖြင့် လေယာဉ်အမှုထမ်း ၄၂၀၀ နှင့် လေယာဉ်မှူး ၉၀၀ တို့ကို ယခုနှစ်အတွင်း ခေါ်ယူရန် စီစဉ်ထားသည်ဟု အဲအင်ဒီးယား လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဲအင်ဒီးယား လေကြောင်းလိုင်းသည် တဖြည်းဖြည်းတိုးတက်လာသည့် အိန္ဒိယနိုင်ငံ၏ အရပ်ဘက် လေကြောင်းဈေးကွက်ကို အခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်ထားသည်။

အဲအင်ဒီးယား လေကြောင်းလိုင်းသည် တစ်ချိန်က ဒေသတွင်း အကောင်းဆုံး လေကြောင်းလိုင်းတစ်ခုအဖြစ် ရပ်တည်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ် ကာလများတွင် ဘဏ္ဍာရေး ပြဿနာများကြောင့် နာမည်ပျက်ခဲ့ရသည်။

သို့သော် ပြီးခဲ့သည့်နှစ်အတွင်း တာတာကုမ္ပဏီအောက်သို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် လေကြောင်းလိုင်း၏ နာမည်ကို ပြန်လည်ဆယ်ယူရန် အဲအင်ဒီးယားက ကြိုးစားလျက်ရှိကြောင်းသိရသည်။

KKO

# ဗီယက်နမ်အမျိုးသားလွှတ်တော် အထူးအစည်းအဝေးကျင်းပမည်

**ဟနွိုင်း ဖေဖော်ဝါရီ ၂၇**

ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွှတ်တော်သည် ယခုရက်သတ္တပတ်အတွင်း အထူးအစည်းအဝေးတစ်ခု ကျင်းပရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ အထူးအစည်းအဝေး၌ ဗီယက်နမ်အမျိုးသားလွှတ်တော်သည် ဗီယက်နမ်သမ္မတသစ်ကို အတည်ပြုပေးဖွယ်ရှိကြောင်း ဗီယက်နမ် တာဝန်ရှိသူများနှင့် သံတမန်များ၏အဆိုအရ သိရသည်။




ဗီယက်နမ်နိုင်ငံ၏ သမ္မတသစ်အဖြစ် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဗိုဗင်သွန်းကို ကွန်မြူနစ်ပါတီ ရွေးချယ်ထားကြောင်း သံတမန်များက ပြောကြားထားသည်။

လက်အောက်ငယ်သားများ၏ လုပ်ရပ်အတွက် ကွန်မြူနစ်ပါတီ၏ အပြစ်တင်မှုခံထားရသော သမ္မတ ငုယင်ရွှန်ဖူးရာထူးမှ ရုတ်တရက်နုတ်ထွက်ခဲ့ပြီးနောက် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဗိုဗင်သွန်းကို သမ္မတအဖြစ် ရွေးချယ်ထားခြင်းဖြစ်သည်။


အသက် ၅၂နှစ်သာရှိသေးသည့် ဗိုဗင်သွန်းသည် ဗီယက်နမ်နိုင်ငံ၏ ဩဇာအာဏာ အကြီးဆုံး ခေါင်းဆောင်ဖြစ်သည့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန်းနှင့် နီးစပ်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်သမ္မတရာထူးသည် ဂုဏ်ထူးဆောင်ရာထူးမျိုးဖြစ်သော်လည်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး၊ ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဲ့သို့ပင် ဗီယက်နမ်နိုင်ငံရေးစနစ်၏ အဓိကဒေါက်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်းကို ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် နေအဖွဲ့အစည်းပြင်ပရှိ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဓာတ်ငွေ့ဂြိုဟ်နှစ်စင်းသည် TOI-3984A နှင့် TOI-5293A အမည်ရှိ နှစ်စင်းတွဲကြယ်စနစ်များအတွင်းရှိ ပင်မကြယ်များကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်း အနက် TOI-3984Ab အမည်ရှိ ဂြိုဟ်သည် TOI-3984A ကြယ်ကို ၄ ဒသမ ၃၅ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-5293Ab အမည်ရှိဂြိုဟ်ကမူ TOI-5293A ကြယ်ကို ၂ ဒသမ ၉၃ ရက်လျှင်တစ်ကြိမ်ကျ လှည့်ပတ်နေကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်းတည်ရှိရာ နှစ်စင်းတွဲကြယ်စနစ်များသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၃၅၃ နှစ်အကွာနှင့် ၅၂၄ နှစ်အကွာတို့၌ တည်ရှိနေကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုကိုအသုံးပြု၍ အထက်ပါဓာတ်ငွေ့ဂြိုဟ်သစ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်လက္ခဏာရေရှည်ဆက်ခံစားရသူလူနာများ၌ နှလုံးပြဿနာများပေါ်နိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၇**

ဗိုင်းရပ်ကင်းစင်သွားသည့်တိုင် ကိုဗစ်ရောဂါလက္ခဏာများရေရှည်ဆက်ခံစားကြရသူ လူနာများ၌ အသက်အန္တရာယ်ရှိသည့် နှလုံးပြဿနာများ ပေါ်ထွက်လာနိုင်ခြေ ပုံမှန်ထက် နှစ်ဆမြင့်မားနေနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် နှလုံးကောလိပ် မှ သုတေသနပညာရှင်များ၏ အဆိုအရ ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရမှုနှင့် စိုးရိမ်ရသည့် နှလုံးပြဿနာများပေါ်လာနိုင်ခြေတို့ကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

ရောဂါလက္ခဏာများ ရေရှည်ခံစားနေရသည့် ကိုဗစ်လူနာများသည် ပုံမှန်ကိုဗစ်လူနာများနှင့်နှိုင်းယှဉ်ပါက နှလုံးအောင့်နိုင်ခြေ၊ နှလုံးခုန်နှုန်းမြန်နိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဆရာဝန်များအနေဖြင့် ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားနေရသူ ကိုဗစ်လူနာများကိုကုသရာတွင် ၎င်းလူနာများ၏ နှလုံးကျန်းမာရေးကိုလည်း စောင့်ကြည့်သင့်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

ကိုဗစ်ကပ်ဘေးစတင်ချိန်မှစ၍ ကိုဗစ်လူနာ သန်းပေါင်းများစွာတို့မှာ ဗိုင်းရပ်ကင်းစင်သွားသည့်တိုင် ကိုဗစ်ရောဂါလက္ခဏာများကို ရေရှည်ဆက်ခံစားခဲ့ကြရသည်။

ကိုဗစ်ရောဂါ လက္ခဏာများ ရေရှည်ဆက်ခံစားရမှုပြဿနာ၏ နောက်ခံအကြောင်းတရားကို တိတိကျကျ မသိရသေးကြောင်း သုတေသန ပညာရှင်များကပြောကြားသည်။

KKO

## နာဆာသိပ္ပံပညာရှင်များ၏အဆိုအရ သောကြာဂြိုဟ်၏ ပျော့ပျောင်းသောအပြင်လွှာက ဂြိုဟ်မျက်နှာပြင်ကို ပြန်လည်ပုံဖော်နေဖွယ်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

သောကြာဂြိုဟ်၏ ပျော့ပျောင်းသောအပြင်လွှာသည် ဂြိုဟ်မျက်နှာပြင်ကို ပြန်လည်ပုံဖော်နေဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Sci Tech Daily သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

သောကြာဂြိုဟ်၏ အပူဓာတ်ပြန်လည်ထုတ်လွှတ်မှုစနစ်အတွက် အဆိုပါဂြိုဟ်၏အပေါ်ယံလွှာလှုပ်ရှားမှုမှာ အရေးပါသည့်အခန်းကဏ္ဍ၌ ပါဝင်နေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် နာဆာ၏ မာဂျဲလန်မစ်ရှင်မှ ရရှိသည့် အချက်အလက်များကို အသုံးပြု၍ သောကြာဂြိုဟ်မျက်နှာပြင်ပေါ်ရှိ စက်ဝိုင်းပြတ်သဏ္ဌာန် ဘူမိလက္ခဏာများကို လေ့လာခဲ့ကြကြောင်း သိရသည်။



လေ့လာချက် ရလဒ်များအရ ကိုရိုနာ(Coronae) ခေါ် အဆိုပါ ဘူမိလက္ခဏာများသည် သောကြာဂြိုဟ်အပေါ်ယံလွှာ၏ အပါးလွှာဆုံး၊ အပျော့ပျောင်းဆုံးနှင့် ဘူမိလှုပ်ရှားမှု အများဆုံးနေရာများ၌ ရှိနေသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ သောကြာဂြိုဟ်မျက်နှာပြင်ပေါ်ရှိ စက်ဝိုင်းပြတ်ပုံစံ ဘူမိလက္ခဏာများသည် ဘူမိလှုပ်ရှားမှုများကြောင့် ဂြိုဟ်အပေါ်ယံမျက်နှာပြင်များ ပြောင်းလဲနေသောနေရာများကို ပြသနေသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အပေါ်ယံမျက်နှာပြင်ပါးလွှာမှုကြောင့် အပေါ်ယံလွှာဆီသို့ တိုးတက်လာသည့် ကျောက်ရေပူများနှင့်အတူ အပူဓာတ်ထုတ်လွှတ်မှုမှာလည်း အားကောင်းလာကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## စိတ်ကျန်းမာရေးပြဿနာများကို ကုစားရာတွင် လေ့ကျင့်ခန်းလုပ်ခြင်းက ဆေးဝါးများထက်ပိုထိရောက်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၇**

ကိုဗစ်ကူးစက်မှု ကပ်ဘေး၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သော စိတ်ကျန်းမာရေးပြဿနာများကိုကုစားရာတွင် လေ့ကျင့်ခန်းများပြုလုပ်မှုက ဆေးဝါးများသုံးစွဲခြင်းထက် ပို၍ထိရောက်နိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ တောင်ဩစတြေးလျတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ စိတ်ကျဝေဒနာကို ကုစားရာတွင် မည်သည့် လေ့ကျင့်ခန်းမျိုးမဆို ထိရောက်မှုရှိနိုင်ကြောင်း သိရသည်။

ထို့ပြင် အချို့ဖြစ်စဉ်များတွင် လေ့ကျင့်ခန်းပြုလုပ်မှုသည် စိတ်ကျန်းမာရေးပြဿနာများကို ကုစားရာ၌ ဆေးဝါးသုံးစွဲမှုထက်ပင် ထိရောက်မှု ရှိနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကျန်းမာရေးပြဿနာများကို ကုစားရာတွင် မည်သည့်ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းမျိုးမဆို အကျိုးရှိသော်လည်း ထိရောက်မှုအတိုင်းအတာသည်လည်း လေ့ကျင့်ခန်းပြုလုပ်ချိန်အပေါ် မူတည်နေတတ်ကြောင်း သိရသည်။

စိတ်ကျန်းမာရေး ရောဂါလက္ခဏာများကို လျှော့ချရာတွင် ရက်သတ္တ ၁၂ ပတ်ထိ လေ့ကျင့်ခန်းကာလ မှန်မှန်လုပ်ဆောင်ပါက အထိရောက်ဆုံးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ကိုဗစ်ကာလအတွင်း စိတ်ကျန်းမာရေး ပြဿနာများရှိခဲ့သူဦးရေ ၁၂၈၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO



## ရီယိုဂူးဂြိုဟ်သိမ်က သက်ရှိများအတွက် ဇီဝအခြေခံပစ္စည်းများဖြစ်လာနိုင်သော ဇီဝမော်လီကျူးများပေါ်များသည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်

**တိုကျို ဖေဖော်ဝါရီ ၂၇**

ရီယိုဂူးအမည်ရှိဂြိုဟ်သိမ်သည် သက်ရှိများအတွက် ဇီဝအခြေခံပစ္စည်းများဖြစ်လာနိုင်သော ဇီဝမော်လီကျူးများပေါ်များသည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ဂျပန်နိုင်ငံ ကျူရှူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ရီယိုဂူးဂြိုဟ်သိမ်မှရယူထားသည့် နမူနာကျောက်သား ကျောက်စများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ ရီယိုဂူးဂြိုဟ်သိမ် နမူနာကျောက်သားများထဲတွင် အမိုင်နိုအက်စစ်အမျိုးမျိုးအပါအဝင် ဇီဝမော်လီကျူးများ ပါဝင်မှုမြင့်မားသည်ဟု ဂျပန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဂျပန် သိပ္ပံပညာရှင်များ၏ အထက်ပါတွေ့ရှိချက်ကြောင့် ကမ္ဘာပေါ်၌ သက်ရှိများပေါ်ထွက်လာရေးအတွက် လိုအပ်သည့်ဇီဝပစ္စည်းများမှာ အာကာသဟင်းလင်းပြင်အတွင်းမှ ရောက်ရှိလာခြင်းဖြစ်နိုင်သည်ဟူသော သီအိုရီလည်း ပို၍ခိုင်မာလာခဲ့ရကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီ၏ ဟာယာဘူဆာ-၂ အာကာသယာဉ်သည် ရီယိုဂူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရယူပေးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကမ္ဘာပေါ်သို့ပြန်လည်ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရီယိုဂူးဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၂၁၅ သန်းအကွာတွင်ရှိသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ရိန်းဂျားအသင်းကိုအနိုင်ရရှိပြီး ဆဲလ်တစ်အသင်း စကော့တလန်လိဂ်ဖလား ဆွတ်ခူး

**အီဒင်ဘာ့ဂ် ဖေဖော်ဝါရီ ၂၇**

စကော့တလန်လိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆဲလ်တစ်အသင်းနှင့် ရိန်းဂျားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆဲလ်တစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး လိဂ်ဖလားသမိုင်းတစ်လျှောက် (၂၁) ကြိမ်မြောက် ချန်ပီယံဆုရယူနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆဲလ်တစ်အသင်းသည် ရှုံးထွက်အဆင့်တွင် ရော့ကောင်တီအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် မားသားဝဲလ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ကယ်မာနော့အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့တက်ရောက်ခဲ့ရာ ဗိုလ်လုပွဲစဉ်တွင် ရိန်းဂျားအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆဲလ်တစ်အသင်းသည် စကော့တလန်လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပိုင်းကောင်းမွန်သည့် ရိန်းဂျားအသင်းနှင့်တွေ့ဆုံခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာပေးကစား၍ ပြိုင်ဘက်၏ အားနည်းချက်ကိုရှာဖွေနိုင်ခဲ့သဖြင့် ပွဲချိန် ၄၄ မိနစ်တွင် တိုက်စစ်မှူး ဖူရှူဟက်ရှိက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် ပထမပိုင်း ပြီးဆုံးခဲ့ကာ ဒုတိယပိုင်းတွင်လည်း ရိန်းဂျားအသင်း၏ ခံစစ်ပိုင်း ကျဆင်းလာမှုကြောင့် ပွဲချိန် ၅၆ မိနစ်တွင် ဖူရှူဟက်ရှိက ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သော်လည်း ရိန်းဂျားအသင်းအနေဖြင့် ချေပဂိုးတစ်ဂိုးသာ ပြန်လည်သွင်းယူနိုင်ခဲ့၍ ဆဲလ်တစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဆဲလ်တစ်အသင်းသည် လိဂ်ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် (၂၁) ကြိမ်မြောက်ဆုဖလား ရယူနိုင်ခဲ့ပြီး လက်ရှိစကော့တလန်အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၆ ပွဲကစားပြီးချိန်တွင် ၂၄ ပွဲနိုင်၊တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၇၃ မှတ်ရရှိကာ ဒုတိယနေရာမှ ရမှတ် ၆၄ မှတ်ဖြင့်ရပ်တည်နေသည့် ရိန်းဂျားအသင်းကို ရမှတ် ၁၁ မှတ် ထိဖြတ်တောက်နိုင်ခဲ့ပြီး ချန်ပီယံဆုရရှိရန် အခြေအနေကောင်းနေကြောင်း သိရသည်။ ML



### အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းအနေဖြင့် လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိပါက ဆာလာဟ်အနေဖြင့် ပီအက်စ်ဂျီအသင်းသို့ပြောင်းရွှေ့နိုင်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိနေကြောင်း သိရသည်။
- မန်ယူအသင်းက ဆဲလ်တာဗီဂိုအသင်း ကွင်းလယ်တွင် ခြေစွမ်းပြကစားနေသည့် ဗေအီဂါကို လာမည့်နွေရာသီတွင် စတာလင်ပေါင် ၂၆ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေသည်။
- မာဆေးအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ခံစစ်ကစားသမား ကင်ဘက်ပီ၏ ဒဏ်ရာအခြေအနေအတွက် စိုးရိမ်ကြောင်း နည်းပြ ဂယ်တီယာက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ကွာရာဘောင်းချန်ပီယံဆုရရှိခဲ့သည့် မန်ယူအသင်း ခြောက်နှစ်ကြာ ဖလားလက်မဲ့ရာသီကို အဆုံးသတ်နိုင်ခဲ့




**မန်ချက်စတာ ဖေဖော်ဝါရီ ၂၇**

မန်ယူအသင်းနှင့်နယူးကာဆယ်အသင်းတို့၏ ကွာရာဘောင်းဖလား ဗိုလ်လုပွဲစဉ်တွင် မန်ယူအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သောကြောင့် မန်ယူအသင်းသည် ခြောက်နှစ်ကြာ ဖလားလက်မဲ့ရာသီကို အဆုံးသတ်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ၂၀၁၇ ခုနှစ်က ယူရိုပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရရှိခဲ့ပြီးနောက် ဖလားလက်မဲ့ရာသီ ခြောက်ရာသီ ဆက်ကြုံတွေ့ခဲ့ရသော်လည်း ယခုနှစ် နည်းပြတန်ဟတ်လက်အောက်တွင် ခြေစွမ်းပိုင်းတိုးတက်လာခဲ့ကာ ကွာရာဘောင်းဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ရာ နယူးကာဆယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူပြီး ချန်ပီယံဆုဖလားရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ မန်ယူအသင်းက ပွဲအစကတည်းက နယူးကာဆယ်အသင်းကို တန်ပြန်တိုက်စစ်ဖြင့် ဖိအားပေး ကစားနိုင်ခဲ့သဖြင့် နယူးကာဆယ်အသင်း ထိန်းချုပ်ရခက်ခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် ကက်စမဲရိုးက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး နယူးကာဆယ်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၃၉ မိနစ်တွင် ရက်ရှ်ဖို့ဒ်၏ကန်သွင်းချက်ကို ဘော့မန်းက တားဆီးခဲ့ရာ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မှုကြောင့် ဒုတိယဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး လက်ကျန်ပွဲချိန်များတွင် အပြန်အလှန်တိုက်စစ်ဆင်မှုများရှိခဲ့သော်လည်း နှစ်သင်းလုံးဂိုးမရရှိဘဲ နှစ်ဂိုး ဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။

ထို့ပြင် မန်ယူအသင်းသည် အမှတ်ပေးပြိုင်ပွဲ၌ ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၁)မှ အာဆင်နယ်အသင်းနှင့် ရှစ်မှတ်သာ ကွာဟနေသဖြင့် ချန်ပီယံဆုရရှိရန်အခွင့်အရေးများရှိနေသကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ပဉ္စမအဆင့်သို့ တက်ရောက်ခဲ့သည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ဘာစီလိုနာအသင်းကိုအနိုင်ယူ၍ (၁၆) သင်းအဆင့်သို့ တက်ရောက်ခဲ့သောကြောင့် ဖလားလေးလုံးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေကြောင်း သိရသည်။ ML

# ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပွဲစဉ်(၆)မှစတင်၍ ပရိသတ်များကို ကွင်းအတွင်းဝင်ရောက်အားပေးခွင့်ပြုမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များမှစတင်ပြီး ပရိသတ်များကို ကွင်းအတွင်းဝင်ရောက်အားပေးရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကွင်းပိတ်ကျင်းပခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကိုလည်း ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းနှင့်ရန်ကုန်ယူနိုက်တက်အသင်း၏ အိမ်ကွင်းဖြစ်သည့် YUSC အားကစားကွင်းတို့တွင် ကျင်းပနေသော်လည်း ကွင်းပိတ်ကျင်းပနေခြင်းဖြစ်သည်။

အစောပိုင်းက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ကွင်းပိတ်အနေအထားဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအခါနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကျဆင်းလာပြီဖြစ်သည့်အတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များမှစတင်ပြီး ပရိသတ်များကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဝင်ရောက်အားပေးရန် ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ၂၀၂၃ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ဖေဖော်ဝါရီလမှစတင်ကျင်းပခဲ့သော်လည်း လာမည့်ဘောလုံးရာသီများမှစတင်ပြီး နိုင်ငံတကာဘောလုံးပြိုင်ပွဲများအတိုင်း ဩဂုတ်လတွင်သာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဆုံးဖြတ်ချက်များအရ လက်ရှိ ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများကို လိဂ်ကော်မတီက ထောက်ပံ့ကြေးငွေကျပ် သိန်း ၅၀၀၊ လိဂ်-၂ပြိုင်ပွဲအတွက် ငွေကျပ် သိန်း ၂၀၀၊ အမျိုးသမီးလိဂ်ပြိုင်ပွဲအတွက် ငွေကျပ် သိန်း ၁၅၀ အသီးသီး ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# မာဆေးအသင်းကို ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ဆီ ကလပ်အသင်း သွင်းဂိုး ၇၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းရရှိ

**ပဲရစ် ဖေဖော်ဝါရီ ၂၇**

မာဆေးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားခဲ့သည့် ပြင်သစ်လီဂူးအမှတ်ပေးပြိုင်ပွဲတွင် မက်ဆီက ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ကလပ်အသင်း သွင်းဂိုး ၇၀၀ ပြည့်မြောက်သည့်မှတ်တမ်းကောင်းရရှိခဲ့ကြောင်းFoxsports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းတွင် ကစားခဲ့စဉ်က ကလပ်အသင်းသွင်းဂိုး ၆၇၂ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်က ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူပြိုင်ပွဲစုံတွင် ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ မာဆေးအသင်းနှင့်ပွဲစဉ်၌ တစ်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့သောကြောင့် ကလပ်အသင်း သွင်းဂိုး ၇၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။

မာဆေးအသင်းနှင့် ပွဲစဉ်တွင် မက်ဆီသည် အသင်းကို သုံးဂိုး ဂိုးမရှိအနိုင်ရရှိအောင်အဓိကနေရာမှစွမ်းဆောင်နိုင်ခဲ့ပြီး အမ်ဘက်ပီ၏ သွင်းဂိုး နှစ်ဂိုးကို ဖန်တီးပေးနိုင်ခဲ့သည့်အပြင် ကိုယ်တိုင်သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည်။




ကမ္ဘာ့ဘောလုံး သမိုင်းတွင် ကလပ်အသင်းသွင်းဂိုး ၇၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားမှာ အယ်နာဆာအသင်းတွင် ကစားနေသည့် တိုက်စစ်မှူး စီရော်နယ်ဒိုဖြစ်ပြီး မန်ယူအသင်းနှင့် ကစားခဲ့စဉ်က ၇၀၀ ပြည့်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ကာ လက်ရှိတွင် သွင်းဂိုးစုစုပေါင်း ၇၀၉ ဂိုးဖြင့် ပထမ၊ မက်ဆီက သွင်းဂိုး ၇၀၀ ဖြင့် ဒုတိယ၊ ဘရာဇီးတိုက်စစ်မှူးဟောင်း ပီလီက သွင်းဂိုး ၆၇၉ ဖြင့် တတိယ၊ ရိုမာရီယိုက သွင်းဂိုး ၆၉၁ ဂိုးဖြင့် စတုတ္ထ၊ ပူးစကက်စ်က သွင်းဂိုး ၆၄၅ ဂိုးဖြင့် ပဉ္စမနေရာ၌ ရပ်တည်နေကြောင်း သိရသည်။ ML

# Rio Open တင်းနစ်ပြိုင်ပွဲတွင် ကင်မရွန်းနော်ရီ ချန်ပီယံဆုဆွတ်ခူး



**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၇**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင်ကျင်းပခဲ့သည့် Rio Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့်ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းနော်ရီက(၅-၇၊ ၆-၄၊ ၅-၇)ရလဒ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ATP Tour က ယနေ့တွင်ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဗိုလ်စွဲရန်ရေပန်းစားခဲ့သော်လည်း ဗိုလ်လုပွဲကစားနေစဉ် ဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲပြီးအောင်ထိန်းကစားခဲ့ရပြီး ရာနှုန်းပြည့် အာရုံစိုက်ကစားနိုင်ခဲ့ခြင်းမရှိသည့်အတွက် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

ကင်မရွန်းနော်ရီက "ဒီနှစ်အတွက် ပထမဆုံးသော ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ ဒီရာသီအတွင်းယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတချို့မှာ ဗိုလ်လုပွဲစဉ်ကို တက်လှမ်းခွင့်ရခဲ့ပေမဲ့ နိုင်ပွဲရဖို့ ရှုံးကန်ခဲ့ရပါတယ်။ ဒီတစ်ကြိမ်ဗိုလ်လုပွဲစဉ်မှာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပါပြီ။ ဒီနေ့ဗိုလ်လုပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းအပေါ်မှာ ကျေနပ်မှုရှိပါတယ်။အယ်ကာရက်ဇ်က လက်ရှိအကောင်းဆုံးတင်းနစ်ကစားသမားတွေထဲကတစ်ယောက်ဖြစ်လို့ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ သူကကြံ့ခိုင်မှုမပြည့်ဝတာတောင် အကောင်းဆုံးဦးဆောင်ကစားနိုင်ခဲ့တယ်။ကျွန်တော့်အနေနဲ့ အနိုင်ရခဲ့တဲ့ ပွဲငယ်နှစ်ပွဲစလုံးမှာ tie-break ထိ ကစားခဲ့ရပါတယ်။ ဒုတိယပွဲငယ်မှာ အယ်ကာရက်ဇ်က ပြတ်သားတဲ့ ရလဒ်နဲ့ အနိုင်ရခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် ဒဏ်ရာပြဿနာရှိနေသော်လည်း နောက်ဆုံးအခြေအနေထိ အကောင်းဆုံးတုံ့ပြန်ကစားသွားခဲ့သည့်အတွက် ပွဲကစားချိန်မှာ ၂ နာရီ ၄၂ မိနစ်ထိကြာမြင့်ခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် ကင်မရွန်းနော်ရီအတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ငါးလုံးမြောက် ATP Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်တင်းနစ်ရာသီတွင် ပထမဆုံးဆွတ်ခူးနိုင်ခဲ့သည့် ဆုဖလားဖြစ်ကြောင်း သိရသည်။ AZL

# WBC ခရူဆာဝိတ်တန်း ချန်ပီယံခါးပတ်ကို ဘာဒူဂျက်ခ်ဆွတ်ခူး

**ရီယာ့ဒ် ဖေဖော်ဝါရီ ၂၇**

WBC ခရူဆာဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ ကွန်ဂိုနိုင်ငံသား အီလွန်ဂါနှင့် စိန်ခေါ်သူ ဆွီဒင်နိုင်ငံသား ဘာဒူဂျက်ခ်တို့ ယနေ့တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ထိုးသတ်ခဲ့ရာ ဘာဒူဂျက်ခ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့သည်ဟု Talk-sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာဒူဂျက်ခ်သည် နောက်ဆုံးအချီ၌ လက်ရှိချန်ပီယံ အီလွန်ဂါကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဘာဒူဂျက်ခ်သည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စူပါမစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတို့၌သာ ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး WBA (Regular) လိုက်ဟဲဗီးဝိတ်တန်းတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ဖူးသည့်အတွက် ဝိတ်တန်းနှစ်ခု၌ ချန်ပီယံခါးပတ်ကိုဆွတ်ခူးခဲ့ဖူးသည့်ချန်ပီယံအဖြစ် မှတ်တမ်းကောင်းရေးထိုးနိုင်ခဲ့သည်။

ဘာဒူဂျက်ခ်က "လက်ရှိချန်ပီယံနဲ့ထိုးသတ်ရတဲ့အတွက် ခက်ခဲတဲ့ပွဲပါ။ကြိုးဝိုင်းထဲမှာ ကျွန်တော့်အနေနဲ့ တိုက်စစ်ကိုအသားပေးပြီး ဖိအားပေးထိုးနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်နည်းပြက ရှေ့တိုးနောက်ဆုတ်လုပ်ပြီး နည်းဗျူဟာပြောင်းဖို့ တိုက်တွန်းခဲ့တယ်။ အီလွန်ဂါက ပြိုင်ဘက်ကောင်း တစ်ယောက်ဖြစ်ပြီး ညီအစ်ကိုလိုခင်ရတဲ့သူတစ်ယောက်ပါ။ကျွန်တော်တို့နှစ်ယောက်အတူ လေ့ကျင့်တာတွေ လုပ်ဖြစ်ခဲ့ပါတယ်။ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိကြပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# Yonex German Open 2023 ကြက်တောင်ပြိုင်ပွဲ၌ မြန်မာကြက်တောင်မယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာ ကြက်တောင်မယ် သက်ထားသူဇာသည် ယခုနှစ်တွင် ပထမဆုံးဥရောပပြိုင်ပွဲအဖြစ် မတ်လတွင်ကျင်းပမည့် Yonex German Open 2023 ကြက်တောင်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



Yonex German Open 2023 ကြက်တောင်ပြိုင်ပွဲကို မတ် ၇ ရက်မှ ၁၂ ရက်ထိ ဂျာမနီနိုင်ငံတွင်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသည် သက်ထားသူဇာ၏ ယခုနှစ်တွင် ပထမဆုံးဥရောပအဆင့်ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ယခုနှစ်အတွင်းစီနီယာကစားသမားများအတွက် ပြိုင်ပွဲ ၁၀ ခု ကျင်းပသွားမည်ဖြစ်ပြီး Yonex German Open 2023 ကြက်တောင်ပြိုင်ပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ ပြိုင်ပွဲ ခြောက်ခုကို ဥရောပတွင် ကျင်းပသွားမည်ဖြစ်ပြီး သက်ထားသူဇာကလည်း အဆိုပါပြိုင်ပွဲအချို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် Yonex German Open 2023ကြက်တောင်ပြိုင်ပွဲတွင် လက်ရည်စစ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ယခုနှစ်တွင် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပခဲ့သည့် ထိုင်းမာစတာကြက်တောင်ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။ STA

# The Honda Classic ပြိုင်ပွဲ၌ ခရစ်ကစ် ချန်ပီယံဆု ဆွတ်ခူး

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်ကျင်းပခဲ့သည့် The Honda Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ခရစ်ကစ်က ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ခရစ်ကစ်သည် နောက်ဆုံးနေ့အပြီးတွင် တစ်နိုင်ငံတည်းသား အဲရစ်ကိုးနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ရိုက်နိုင်ခဲ့သောကြောင့် ချန်ပီယံ အဆုံးအဖြတ်အတွက် Play-off ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ခရစ်ကစ်က အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ခရစ်ကစ်က "အောင်မြင်မှုတွေနဲ့ဝေးကွာခဲ့တာကြာပါပြီ။ ကာလတစ်ခုအထိ ကြာမြင့်ပြီးမှ ချန်ပီယံရဲ့အရသာကို ပြန်ခံစားခွင့်ရခဲ့တယ်။ ဒီကာလအတွင်းမှာ အခက်အခဲတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။အခုလိုအောင်မြင်မှုပြန်လည်ရယူနိုင်ခဲ့လို့ ကျေးဇူးတင်ရမဲ့သူတွေ အများကြီးရှိပါတယ်။ ကျွန်တော့်ကို အကောင်းဆုံးကူညီပံ့ပိုးခဲ့ကြတဲ့ ကျွန်တော်မိသားစုကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို အားပေးလာခဲ့ကြတဲ့ ပရိသတ်တွေကိုလဲကျေးဇူးတင်ပါတယ်။ဂေါက်သီးရိုက်လောကကိုစွန့်ခွာရဖို့ နီးစပ်ခဲ့ပေမဲ့ မိသားစုဝင်တွေရဲ့ ဖေးမမှု၊ ကူညီပံ့ပိုးပေးမှုနဲ့ လမ်းမှန်ပေါ်ပြန်ရောက်လာအောင် တိုက်တွန်းပေးခဲ့မှုတွေကြောင့် ကျွန်တော်ဒီအခြေအနေကို ပြန်ရောက်လာနိုင်ခဲ့တာပါ။ ဝေးကွာနေတဲ့ အောင်မြင်မှုကို ပြန်လည်ရယူနိုင်ခဲ့လို့ စိတ်လှုပ်ရှားပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဒွန်ဂန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ခရစ်ကစ်သည် ချန်ပီယံဆုကို ၂၀၁၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၂)တွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာနေရှင်နယ်လိဂ် ထိပ်သီးနှစ်သင်းတွေ့ဆုံသည်နှင့်အညီ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အခွင့်အရေးကိုအသုံးချနိုင်ခြင်းမရှိသည့်အတွက် ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့်သာပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးပိုမိုတိုက်စစ်မြှင့်ပြီး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိလာခဲ့ရာ ပွဲချိန် ၆၅ မိနစ်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး မျိုးဇော်ဦးက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ရှမ်းယူနိုက်တက်အသင်းကလည်း ပိုမိုဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၂မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ကာ ဗယ်လိုက ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရှိခဲ့ပြီး ပွဲပြီးဆုံးခါနီး ၈၅ မိနစ်တွင် လင်းထက်စိုးက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှု အလားအလာ

မောင်စိန်အိ(နဘဲမြေ)



၂၀၂၃ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ ဆောင်ပုဒ်သည် "အာဆီယံကို ဗဟိုဖြစ်သောဖွံ့ဖြိုးတိုးတက်မှု" ဟူ၍ပင်ဖြစ်သည်။ ၎င်းဆောင်ပုဒ်သည် အရှေ့တောင်အာရှဒေသကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဗဟိုအချက်အချာဖြစ်စေရန် ရည်မှန်းထားခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများအပြင် ပြင်ပစီးပွားရေးလုပ်ငန်းများနှင့်လည်း ပေါင်းစည်းဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းသွားရန် အသိအမှတ်ပြုထားသည်။

အဓိကကျသော ကိန်းဂဏန်းအချက်အလက်များအရ ပြင်ပမှပေါင်းစပ်ဆောင်ရွက်မှုများသည် အာဆီယံဒေသတွင်း ပေါင်းစည်းမှုထက် ပိုမိုလျင်မြန်လာလျက်ရှိသည်ဟုဆိုသည်။ အာဆီယံနိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံချင်းထက် အာဆီယံအဖွဲ့ဝင်မဟုတ်သောနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့အပေါ်တွင် များစွာမှီခိုလျက်ရှိသည်။ ပြင်ပမိတ်ဖက်နိုင်ငံများအပေါ် မှီခိုအားထားရမှုသည်ရှောင်လွှဲ၍ မရနိုင်သော်လည်း အာဆီယံအနေဖြင့် ပြင်ပနိုင်ငံတစ်နိုင်ငံအပေါ် အလွန်အမင်း မှီခိုအားထားမှုများ လုပ်ဆောင်မသွားသင့်ပေ။

အာဆီယံသည် အဖွဲ့ဝင်နိုင်ငံများအတွင်း ပေါင်းစည်းမှုကို အားပေးနိုင်ရေးအတွက် အလားအလာကောင်းမွန်သော စာချုပ်များစွာကို လက်မှတ်ရေးထိုးထားရှိသည်။ ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ကုန်စည်များဆိုင်ရာအာဆီယံကုန်သွယ်မှုသဘောတူညီချက် (ATIGA)သည် ၂၀၁၇ ခုနှစ်တွင် အာဆီယံဒေသတွင်း၌ ကုန်စည်များအပေါ် စည်းကြပ်ခွန်ကောက်ခံမှုကို သုည ဒသမ ၂ ရာခိုင်နှုန်းထိလျှော့ချနိုင်ခဲ့သည်။ ဝန်ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက် ၂၀၁၈ ခုနှစ်တွင်သဘောတူညီလက်မှတ်ရေးထိုးခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျယ်ပြန့်သောကဏ္ဍများစွာကို လွှမ်းခြုံထားရှိသည်။ အီလက်ထရွန်နစ်ဆိုင်ရာ အာဆီယံသဘောတူညီချက်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် တရားဝင်အာဏာသက်ရောက်ခဲ့သည်။ အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူညီချက်သည် အာဆီယံအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်တွင် ထိပ်ဆုံးမှပါဝင်လျက်ရှိသည်။ အာဆီယံပြီးပြည့်စုံသော ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် (ACIA) ကို ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံကို ကုန်ထုတ်လုပ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့၏ ဗဟိုချက်မအဖြစ် သဘောထားနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

သို့သော် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံသည် တဖြည်းဖြည်းကျဆင်းလာလျက်ရှိသည် ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုသည် ၁၇ ဒသမ ၃ ရာခိုင်နှုန်းသာတိုးတက်ခဲ့ပြီး အာဆီယံနှင့် ပြင်ပနိုင်ငံများ၏ကုန်သွယ်မှုသည် ၄၀ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ ထို့ကြောင့် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးသည် ၂၄ ဒသမ ၄ ရာခိုင်နှုန်းမှ ၂၁ ဒသမ ၃ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုသည် ၁၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)သည် ၂၀ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၁ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။

ဆိုခဲ့ပါအလားအလာသည် အာဆီယံ၏စီးပွားရေးအာဂျင်ဒါတွင် အားနည်းချက်တစ်ခုကို ညွှန်ပြနေခြင်းမဟုတ်ပေ။ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်များတွင် ကြီးမားသောရည်မှန်းချက်ရှိနေသည်။ သာဓကအနေဖြင့် ATIGA သည် ကုန်ထုတ်လုပ်မှု ပိုမိုလုပ်ဆောင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများမှ ကမ္ဘာ့အခြားနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့နိုင်ရေးအတွက် အာဆီယံအရောင်းကွင်းဆက်နှင့် ဆက်နွှယ်သောအစိတ်အပိုင်းများဆိုင်ရာ လွတ်လပ်သောကုန်စည်စီးဆင်းမှု ဖန်တီးသွားနိုင်ရေးပင်ဖြစ်သည်။ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် (ICIA) သည် ရင်းနှီးမြှုပ်နှံသူများကို ခွဲခြားခြင်းမရှိဘဲ အာဆီယံရင်းနှီးမြှုပ်နှံသူများနှင့် အာဆီယံအခြေစိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အကျိုးဖြစ်ထွန်းမှုရှိစေရန်ပင်ဖြစ်သည်။ အာဆီယံနိုင်ငံများအတွင်း ကုန်သွယ်မှုမြင့်တက်လာခြင်းသည် FDI ကိုအားပေးပြီး FDI မြင့်တက်လာခြင်းသည် အာဆီယံကုန်သွယ်မှုနှင့်တန်ဖိုးကို မြင့်တက်လာစေသည်။

တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဟောင်ကောင်တို့နှင့် အာဆီယံ Plus One ကုန်သွယ်မှုသဘောတူညီချက်များသည် ပြင်ပနိုင်ငံများနှင့် အာဆီယံကုန်သွယ်မှုကိုတိုးချဲ့ရာတွင် အထောက်အကူပြုလျက်ရှိသည်။ ဒေသတွင်းပြီးပြည့်စုံသော စီးပွားရေးမိတ်ဖက် (RCEP)အဖွဲ့သည် အရှေ့တောင်အာရှ၏စီးပွားရေးနှင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ စီးပွားရေးတို့ကို ပိုမိုပေါင်းစည်းစေသည်။

RCEP နှင့် ATIGA နှစ်ခုစလုံးသည် ဒေသတွင်းအရောင်းကွင်းဆက်တန်ဖိုး ၄၀ ရာခိုင်နှုန်းခန့်ကို အသုံးပြုလျက်ရှိသည်။ အထူးသဖြင့် ကုန်စည်များရောင်းဝယ်ဖောက်ကားရာတွင် အသုံးပြုလျက်ရှိသောကြောင့် အာဆီယံကုန်ထုတ်လုပ်သူများကို RCEP နိုင်ငံများသို့ ဦးစားပေးကုန်စည်များ တင်ပို့ချိန်တွင် အခွန်သက်သာခွင့်ရရှိစေမည်ဖြစ်သည်။ ထို့ပြင် အာဆီယံနိုင်ငံများသည် ယခင်နှစ် မတ်လကတည်းက ATIGA အဆင့်မြှင့်တင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အတွက် အာဆီယံဒေသတွင်းကုန်သွယ်မှုကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အာဆီယံနှင့် ကုန်သွယ်မှုမြှင့်တင်နေသောပြင်ပအင်အားကြီးနိုင်ငံများတွင် တရုတ်နိုင်ငံ၏ စီးပွားရေးလွှမ်းမိုးမှုသည် သိသိသာသာမြင့်တက်လျက်ရှိသည်။ အာဆီယံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၌ အာဆီယံ-တရုတ်ကုန်သွယ်မှုတန်ဖိုးသည် ၂၀၁၂ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။ အခြားအင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်သည် ၁၁ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂသည် ၈ ရာခိုင်နှုန်းနှင့် ဂျပန်သည် ၇ ရာခိုင်နှုန်းသာရှိကြသည်။ RCEP သည် အာဆီယံ-တရုတ်ကုန်သွယ်မှုကိုပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ၂၀၂၂ ခုနှစ် ပထမခြောက်လပတ်ကာလအတွင်း အာဆီယံသို့ တရုတ်၏ပြည်ပပို့ကုန်သည် ၁၆ ရာခိုင်နှုန်းထိရှိခဲ့ပြီး သွင်းကုန်တန်ဖိုးသည် ၅ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။

တရုတ်နိုင်ငံမှ အာဆီယံသို့ FDI စီးဆင်းမှုသည် ၂၀၂၁ ခုနှစ်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း FDI စီးဝင်မှုသည် ပုံမှန်မြင့်တက်လာလျက်ရှိသည်။ အမေရိကန်မှအာဆီယံသို့ FDI စီးဝင်မှုသည် ၂၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂမှ ၂၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံမှ ၁၄ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး စီးဝင်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများတွင် အကြီးမားဆုံး FDI အရင်းအမြစ်တစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ဒုတိယမြောက်အများဆုံး ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

အာဆီယံအခြေခံအဆောက်အအုံ ချိတ်ဆက်မှုတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI)ကို အခြေခံလျက်ရှိသည်။ BRI ကို အာဆီယံချိတ်ဆက်မှု ၂၀၂၅ ခုနှစ် မဟာစီမံကိန်းနှင့် ၂၀၁၉ ခုနှစ်တွင် ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ ဖေဖော်ဝါရီ ၇ ရက်တွင် တရုတ်-လာအို-ထိုင်း အသွား၊ အပြန် ရထားခရီးစဉ်ကို စတင်ပြေးဆွဲခဲ့သည်။ ၎င်းခရီးစဉ်သည် ကူမင်း-ဗီယင်ကျန်း-ဗန်ကောက် ခရီးစဉ်ကို ၅၅ နာရီကြာ ပြေးဆွဲရသည်။ အဆိုပါ ကုန်စည်ကွန်တိန်နာ ရထားခရီးစဉ်သည် တရုတ်နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်မှန်းထားရှိသည်။

၂၀၂၃ ခုနှစ်အတွင်း အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သည့် အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် မညီမျှမှုများကို လျှော့ချခြင်းနှင့် အခြားသောမိတ်ဖက်နိုင်ငံများနှင့် အာဆီယံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးများကို ပိုမိုနက်ရှိုင်းအောင်ဆောင်ရွက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားနိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်အဆင့်မြှင့်တင်ရေးအပြင် အမေရိကန်အစိုးရ၏ အင်ဒို-ပစိဖိတ်စီးပွားရေးမူဘောင်နှင့် အာဆီယံ-ကနေဒါ စေ့စပ်ကုန်သွယ်မှုဧရိယာ(FTA) အရစေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားနိုင်ပေသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် အင်ဒိုနီးရှား-EU ပြီးပြည့်စုံသော စီးပွားရေးမိတ်ဖက်သဘောတူညီချက် (IEU CEPA) အပြီးသတ်အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း အလေးထားလုပ်ဆောင်သွားဖွယ်ရာရှိနေသည်။ IEU CEPA ၏ ပြီးပြည့်စုံပြီး မြင့်မားသောရည်မှန်းချက်များကြောင့် နယ်ပယ် ၁၆ ခုတွင် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်လျက်ရှိသည်။ ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်ထိ ကျင်းပခဲ့သော (၁၃)ကြိမ်မြောက်စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများသည် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် IEU CEPA အပြီးသတ် အကောင်အထည်ဖော်နိုင်ရေးအတွက် တွန်းအားများစွာဖြစ်စေခဲ့သည်။

စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့သည် EU နှင့် ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးထားရှိသည်။ IEU CEPA အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခြင်းသည် ထိုင်း၊ မလေးရှားနှင့်ဖိလစ်ပိုင်နိုင်ငံတို့ကို အလားတူသဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်စေမည်ဖြစ်သည်။ EU နှင့် အာဆီယံတို့ကြား အပြန်အလှန် FTA များသည် အနာဂတ် EU-ASEAN အာဆီယံသဘောတူညီချက် ဖော်ဆောင်နိုင်ရေးအတွက် ခိုင်မာသော အုတ်မြစ်တစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် FTA များသည် အာဆီယံနှင့်ပြင်ပနိုင်ငံများပိုမိုချိတ်ဆက်နိုင်ရေးအတွက် အထောက်အကူပြုသွားလိမ့်မည်ဖြစ်သည်။

**ကိုးကား**

- **Balancing ASEAN's Internal and External Economic Integration by The Diplomat.**

## တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ညောင်ဝန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့်ဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ညောင်ဝန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က လုပ်ငန်းများရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ဝန်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၁ မိုင် ၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်းဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၂ ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ပြီးစီးပြီဖြစ်သည့်အတွက် ညောင်ဝန်းကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူဦးရေ ၉၁၉ ဦးတို့၏ လယ်ယာစိုက်ဧက ၉၈၀ တို့မှ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နှဲယဉ်**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets MSME entrepreneurs in Rakhine State and discusses regional and economic development



Senior General Min Aung Hlaing meets MSME entrepreneurs.

**Nay Pyi Taw February 27**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs in Rakhine State at U Ottamma Hall in Sittway this morning and discussed regional and economic development.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members Admiral Tin Aung San, Dr Hmu Htan, Union ministers, Rakhine State Chief Minister U Htein Lin, senior military officers from Office of Commander-in-Chief, Western Command Commander Maj-Gen Htin Latt Oo, Rakhine State level departmental officials, local elders and officials.

**Individual reports on MSME operations and requirements**

First, the chief minister explained regional facts, progress of MSMEs, support of MSME development, ongoing courses on micro, small and medium production businesses, ongoing One Village One Product programs, research and development programs, local and foreign investments in Rakhine State, undertaking to increase capital, arrival of local and foreign tourists, development of hotels and tourism business, loans for MSMEs and financial support for MSMEs provided by national economic development trust fund, MSME goods exhibitions, and undertakings for development of MSMEs in the state.

Chairman of Rakhine State Chamber of Commerce and Industry U Tin Aung Oo, Chairman of Rakhine State Rice Merchants Association U Shwe Tun Aung, Chairman of Rakhine State Oil Millers Association U Kyaw Aye Maung, Chairman of Rakhine State Salt Entrepreneurs Association U Than Win, and MSME entrepreneurs report on difficulties caused by time pressure, a new jetty for border trade, all-weather roads for trade, running of coastal merchant ships, installation of direct banking links with foreign countries in the state, setting up of industrial zones to generate job opportunities, rice cultivation and production in the state, water supply for the rising number of would-be summer parry farmers in the state, Union's assistance for quality seeds, technology, inputs and other areas for development of rice sector in the state, cultivation of edible oil crops and their yield, financial capital for development oil milling business, local salt businesses and production, provision of capital to increase quality salt production due to rising demand, necessary assistance for development of local MSMEs, manufacturing of high quality goods from nipa palm flourishing in the state, local textile and weaving industry, and other requirements for development of local business. The Senior General asked for more information and looked into the requirements.

**Sector-wise clarifications of Union ministers**

As regards the individual reports, Union ministers explained ministry-wise work implementations, efforts to improve road transport in the state for border trade development, Union's support for MSME development, availability of soft loans, calls for systematic contacts as plans are underway to disburse requested loans in accord with the rules and procedures, field studies to build new electric or diesel river/creek pumping stations to further extend sown acreage in the state which already has a large number of such irrigation facilities, improvement of rural socio-economy, provision of necessary assistance through cooperative societies for farming development, beneficial use of forest products in the state and prevention of forest depletion caused by exploitation, environmental conservation, application of modern methods in the salt businesses of Rakhine State and Ayeyawady Region to produce quality salt and reduce quality salt imports, means to contact relevant departments to attend technological courses for MSMEs, and collective elimination of illegal trade as it hurts local economy a lot.



Senior General Min Aung Hlaing examines an MSME product.

**Manufacturing based on local agricultural and livestock breeding raw materials is being encouraged**

Then, the Senior General delivered a speech, saying he has visited the state to carry out necessary tasks for development of manufacturing for the development in Rakhine State in order to boost the economy of the country. MMK 10 billion from the economic boosting funds of the country has been provided for capital investments for agriculture and livestock breeding tasks in Rakhine State. Manufacturing based on agriculture and livestock breeding in Rakhine State must be encouraged successfully.

Economic growth of the country dropped due to the outbreak of COVID-19 and political changes and more challenges were faced because domestic manufacturing had not been encouraged in the past. It was found that the country relied heavily on foreign assistance and loans. Therefore, the government has been exerting efforts for economic development of the country amid difficulties. About 70 percent of the population of the country reside in rural areas and mainly carry out agriculture and livestock breeding for their living. As it is necessary to carry out sound businesses to boost the economy, manufacturing based on local raw materials must be encouraged. As economic development of the people in rural areas is low, businesses based in rural areas must be carried out for the development of their socioeconomic lives.

**Encouraging domestic manufacturing amounts to boosting the economy of the country**

In carrying out manufacturing tasks for the development of the domestic economy, agriculture and livestock breeding products at home must be used. Encouraging domestic manufacturing amounts to boosting the economy of the country. As manufacturing value-added products creates job opportunities and accelerates the money circulation, it will bring benefits for the country. As the government is taking measures to export value-added products manufactured by MSMEs and efforts must be exerted to manufacture export products.

**Interests of local residents must be advanced by beneficially utilizing local products and resources**

Rakhine State is a region which boasts favourable conditions and is abundant in natural resources. As raw rubber products are manufactured in large volumes in Rakhine State, manufacturing value-added rubber consumer products can contribute to domestic consumption and surplus can be exported. It would be more beneficial if products which are in great demand

See Page 13

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects implementation of Kaladan Multi-Modal Transit Transport Project






**Senior General Min Aung Hlaing hears a report on Kaladan Multi-Modal Transit Transport Project.**

**Nay Pyi Taw February 27**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, together with his entourage, Rakhine State Chief Minister U Htein Lin, Western Command Commander Maj-Gen Htin Latt Oo and officials, inspected the implementation of the Kaladan Multi-Modal Transit Transport Project in Sittwe, Rakhine State, this morning.

Union Minister for Transport and Communications Admiral Tin Aung San presented reports on the emergence of the project and tasks, data about Kaladan bridge and construction progress, construction of offices and related buildings, arrival of machinery and river-going transport vessels, construction of Paletwa inland water jetty, digging of sandbanks, plans to build a highway from Paletwa to Myanmar-India border, designation of international revenue port and domestic port, and benefits from the project.

In response to the report, the Senior General said the project will contribute a lot towards Rakhine State, thereby quickening commodity flow at home and abroad. Myanmar and India have had a history of good relations and both are good neighbourly and friendly countries. The project will facilitate bilateral contact and trade so it is a strategically important project. Development tasks for northern Rakhine State including Paletwa can be carried out only if peace and stability prevail after ceasefire within the state. The project will also facilitate development along the course of Kaladan River. Therefore, respective sectors need to work hard for sooner implementation of the project. The Senior General then made discussions about the project with those in attendance.

Afterwards, the Senior General and party went round the project site where Indian Consul General in Sittwe Mr. Bibekananda Bhattamishra and officials explained project tasks. The Senior General made discussions as necessary.

Upon completion of the project, there will be benefits such as more bilateral trade opportunities, emergence of international ports, contacts with India as well as other countries for trade purposes, greater road transport development in Rakhine and Chin states, job opportunities for local people and opportunities for maritime tourism for foreign tourists. 100

---

*From Page 12*

at home like tyres for vehicles and motorcycles could be manufactured. Leather can be manufactured from livestock breeding farms and consumer products based on leather and rubber can be manufactured.

As the country has to import paper from other country every year, spending a large sum of foreign exchange. As Rakhine State is abundant in bamboo, which can be used in production of pulp, bamboo must be utilize properly. As a large number of coconut trees grow in Rakhine State, coconut products can be manufactured successfully. It will be of great benefit for the state by manufacturing industrial products with the use of local raw materials.

Inputs are essential for manufacturing. To make natural fertilizer necessary for agriculture, carry out livestock breeding tasks properly and bio-fertilizer can be produced from animal waste. If livestock breeding tasks are carried out properly through the cooperative system, livestock farms will be more successful.

**Building the nation through encouraging education**

Man is essential in doing any business. Man's efforts will help achieve success in businesses. Therefore, education must be given encouragement for development of human resources in nation building tasks. Our country has had a weakness in respect to education and therefore, education must be encouraged for having good human resources. Although Rakhine State has a high education, it has been lower lately. Weakness in education causes lack of skilled labour. As a result, the economy lagged behind development. According to the 2014 census, it is aware that our nation's education must be encouraged. Therefore, we are focusing on the domestic economy and education.

To fulfill the need of human resources, universities and colleges are being opened. Parents of the students and officials in the region are urged to encourage that their children will be educated. As only if educated, will their social standing get improved, parents are to act for improving their children's education. Plenty of educated persons will help boost human resources of the nation. That is why parents of students and officials concerned need to focus on tasks for improvement of education.

**Development of tourism in Rakhine State**

Rakhine State has already had good basics for domestic and international tourism industries. Development of tourism will be helpful to sales of regional food items and personal goods. For this, it is necessary to ensure standard packaging and quality. To attract the travellers, it is necessary to work together to ensure your region is pleasant and beautiful.

**Peace and Stability bring about brighter future**

When the State is endeavouring enthusiastically for development of the nation, the residents in the Rakhine State are to work together for regional development. **As peace and stability of the region will be helpful to the tasks for regional development, all are to work together for ensuring peace and stability and rule of law in the region.** For this, the State will provide necessary things. We are making efforts to resume the election. When the time comes for the election, it is to make efforts to be able to hold the election throughout the entire Rakhine region. **Only if perpetual peace is kept in the Rakhine State will the regional next generation enjoy and relay future life and be helpful to regional development.** We have laid down the political objectives and economic goals and are implementing those goals and objectives. Achieving success in these goals will be helpful to the development of the nation. **All the departmental personnel, security personnel and local people in the state are urged to work all together for development, peace and stability of the nation.**

Afterwards, the Senior General cordially greeted MSME entrepreneurs.

Later, the Senior General took a tour of exhibits on regional products such as fishery products, foodstuff, personal goods, industrial products, traditional handicrafts, and clothing. He had questions on regional products' markets and the regional entrepreneurs reported on their businesses. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းပဋိပက္ခတစ်နှစ်ပြည့်တွင် လုံခြုံရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံပံ့ပိုးရန် အမေရိကန်ကတိပြု



အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် နောက်ထပ်လုံခြုံရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ပံ့ပိုးပေးအပ်သွားမည်ဟု ယူကရိန်းပဋိပက္ခ တစ်နှစ်ပြည့်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကတိပြုလိုက်သည်။

အဆိုပါအကူအညီတွင် Himars တိကျပဲ့ထိန်းဒုံးကျည်စနစ်အတွက် ခဲယမ်းမီးကျောက်များ၊ 155 mm အမြောက်ကျည်များ၊ ဒရုန်းနှင့် တန်ပြန်ဒရုန်းစနစ်များ၊ မိုင်းရှင်းလင်းရေးကိရိယာများ၊ လေ့ကျင့်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှုအတွက် ဘဏ္ဍာရေးရန်ပုံငွေများ ပါဝင်သည်။

အဆိုပါအကူအညီပေးရေးအစီအစဉ်သစ်တွင် အနောက်နိုင်ငံထုတ် တိုက်လေယာဉ်များနှင့် တာဝေးပစ်ဒုံးကျည်များကဲ့သို့သော ယူကရိန်းတို့ အစဉ်တစိုက် တောင်းဆိုနေသည့် စွမ်းဆောင်ရည်များ ပါဝင်လာခြင်းမရှိသည့်အပြင် အမေရိကန်စစ်လက်နက်သိုလှောင်ရုံများ ထုတ်နုတ်ပေးအပ်မည့်အစား ကာကွယ်ရေးစက်မှုလုပ်ငန်းမှ ဝယ်ယူရမည်ဖြစ်သည့်အတွက် ယူကရိန်းတပ်ဖွဲ့များ လက်ဝယ်သို့ရောက်ရှိရန် အချိန်ပိုမိုယူရတော့မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သောနှစ်အတွင်း လုံခြုံရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံကျော်ကို ပံ့ပိုးပေးအပ်ရန် ကတိပြုခဲ့ပြီး အခြားနိုင်ငံများက ဒေါ်လာဘီလီယံ ၂၀ ကျော်ကူညီရန် ကတိပြုခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin က ယူကရိန်းအထူးစစ်ဆင်ရေး တစ်နှစ်ပြည့်အထိမ်းအမှတ်ကြေညာချက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

"ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းရဲ့ ခုခံကာကွယ်ရေးတွေပြိုလဲမယ်၊ အမေရိကန်ရဲ့ သန္နိဋ္ဌာန်လဲ ပျက်ပြားလိမ့်မယ်၊ ကမ္ဘာကြီးက တခြားနည်းနဲ့ ရှုမြင်ကြလိမ့်မယ်လို့ ထင်မြင်ယူဆချက်တွေအမှားကြီးမှားခဲ့ပါတယ်။ အထူးစစ်ဆင်ရေးတစ်နှစ်ကြာပြီးနောက် ယူကရိန်းရဲ့ ရဲရင့်တဲ့ ခုခံကာကွယ်ရေးတပ်ဖွဲ့ဝင်တွေဟာ မယိမ်းယိုင်ဘဲ တိုက်ပွဲဝင်နေကြသလို သူတို့ကို အချိန်ကြာကြာပံ့ပိုးပေးဖို့ ကျွန်ုပ်တို့က ကတိကဝတ်တွေလဲ ယိမ်းယိုင်ခဲ့တာမရှိပါဘူး"ဟု Austin ကဆိုသည်။

ယူကရိန်းနိုင်ငံအတွက် ထောက်ပံ့ကူညီမှုများသည် ယူနီဖောင်းများ၊ လက်နက်ငယ်များ၊ ခဲယမ်းမီးကျောက်များမှသည် အမြောက်ဒုံးကျည်စနစ်များ၊ လေကြောင်းရန်ကာကွယ်ရေးနှင့် သံချပ်ကာယာဉ်များထိ စစ်လက်နက်ပစ္စည်း အမျိုးအစားအားလုံးနီးပါး ပါဝင်ခဲ့သည်။

ယူကရိန်းနိုင်ငံသည် ၎င်း၏ နိုင်ငံတကာ ကျောထောက်နောက်ခံအဖွဲ့များကို ထောက်ပံ့ပေးရန် တွန်းဆုတ်နေခဲ့သော Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် အဆင့်မြင့်ပင်မတိုက်ပွဲဝင်တင့်ကားများအပါအဝင် နောက်ဆုံးတွင် ပေးအပ်ရန် ကတိပြုပေးခဲ့ရသည်ထိ တွန်းအားပေးတောင်းဆိုနိုင်ခဲ့သည်။ ယူကရိန်းတာဝန်ရှိသူများအနေဖြင့် ယခုအချိန်တွင် အနောက်နိုင်ငံထုတ် တိုက်လေယာဉ်များကိုပင် တပ်ဖွဲ့ဝင်များ ပိုင်ဆိုင်တိုက်ပွဲဝင်နိုင်ရေးအတွက် တောင်းဆိုနေခဲ့ကြသော်လည်း မည်သည့်နိုင်ငံကမျှ ပေးအပ်ရန် ကတိပြု ပြောကြားထားခြင်းမျိုးတော့ မရှိသေးပေ။

**US Pledges $2B in Ukraine Security Aid on Invasion Anniversary ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် ISR ကင်းထောက်ဒရုန်းများပေးအပ်သွားမည်ဟု ဩစတြေးလျလက်ထောက်ဝန်ကြီးချုပ် ကြေညာ

ဩစတြေးလျအစိုးရသည် ယူကရိန်းအတွက် ISR ကင်းထောက်ဒရုန်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ လက်ထောက်ဝန်ကြီးချုပ် Richard Marles က ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာခဲ့သည်။

လက်နက်တပ်ဆင်ထားခြင်းမရှိဘဲ ကင်းထောက်ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည့် ဒရုန်းများသည် ယူကရိန်းစစ်ဘက်ကို စစ်မြေပြင်ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်နိုင်စွမ်း ISR စွမ်းဆောင်ရည်များအတွက် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ လက်ထောက်ဝန်ကြီးချုပ် Richard Marles ၏ ပြောကြားချက်ကိုကိုးကား၍ Reuters သတင်းဌာနက ဖော်ပြထားသည်။

ဩစတြေးလျငွေကြေးဒေါ်လာ ၃၃ သန်း (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်း) တန်ဖိုးရှိ အဆိုပါအကူအညီသည် ပဋိပက္ခစတင်ကတည်းက ဩစတြေးလျနိုင်ငံ၏ အလုံးစုံစစ်ရေးအကူအညီများအတွက် ဩစတြေးလျဒေါ်လာသန်း ၅၁၀ (အမေရိကန်ဒေါ်လာ ၃၄၆ သန်း)ထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ M113AS4 သံချပ်ကာလူသယ်ယာဉ်များနှင့် Bushmaster ဘက်စုံသုံး သံချပ်ကာယာဉ်များလည်း ပါဝင်သည်။

ထို့ပြင် ဩစတြေးလျနိုင်ငံသည် ရုရှားနိုင်ငံသားဦးရေ ၉၀ နှင့် အဖွဲ့အစည်း ၄၀ ကို ခရီးသွားလာခွင့်ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှုခေတ္တရပ်ဆိုင်းခြင်း အပါအဝင် ပိတ်ဆို့အရေးယူမှုအသစ်များ ချမှတ်ခြင်းကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဒဏ်ခတ်အရေးယူခံရသူများတွင် ရုရှားဩသဒေါက်ချာ့ချ်အကြီးအကဲ၊ နိုင်ငံပိုင်မီဒီယာ Sputnik၊ Channel One Russia ၏ အမှုဆောင်အရာရှိချုပ်နှင့် ယူကရိန်းအရှေ့ပိုင်းတိုက်ပွဲများတွင် ပါဝင်သည့်လက်နက်ကိုင်ခွဲထွက်ရေးအုပ်စု Rusich တို့ ပါဝင်နေသည်။

နောက်ထပ် ပိတ်ဆို့အရေးယူမှုများမှာ ပဋိပက္ခကိုရှည်ကြာအောင် ဆင်နွှဲနေသော ရုရှားအစိုးရမှ တာဝန်ရှိသူများ၊ ပဋိပက္ခအတွက် ငွေကြေးပံ့ပိုးပေးသူများနှင့် အဆိုပါပဋိပက္ခကို တရားမျှတမှုပဋိပက္ခအဖြစ် မှသာဝါဒဖြန့်ဝေသူများကို ပစ်မှတ်ထားခြင်းဖြစ်သည်ဟု ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Penny Wong ၏ ပြောကြားချက်ကိုကိုးကား၍ Reuters သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



ကြေညာချက်တွင် အရေးယူပိတ်ဆို့ဒဏ်ခတ်ခံထားရသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းစုစုပေါင်းအရေအတွက်မှာ ၁၀၀၀ ကျော်ရှိသည်ဟုလည်း သိရသည်။

**Australia Announces ISR Drones for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန် K239 Chunmoo MRLS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်အတွက် C2 စနစ်များ တောင်ကိုရီးယားဝယ်ယူ

တောင်ကိုရီးယားနိုင်ငံ၏ Hanwha Aerospace သည် ပိုလန်နိုင်ငံ၏ K239 Chunmoo Multiple Rocket Launch System (MRLS) အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်အတွက် အမိန့်ပေးထိန်းချုပ်မှု (C2) စနစ်များဝယ်ယူရန် ပိုလန်ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။



အဆိုပါစာချုပ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် WB Group သည် TOPAZ ပေါင်းစပ်တိုက်ခိုက်ရေး စီမံခန့်ခွဲမှုစနစ်၊ FONET ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုဆက်သွယ်ရေးကိရိယာများပါရှိသော အမိန့်ပေးထိန်းချုပ်မှု C2 စနစ်များကို ထောက်ပံ့ပေးမည်ဖြစ်သည်။

၎င်းအမိန့်ပေးထိန်းချုပ်ရေးစနစ်များကို ၂၀၂၂ ခုနှစ်တွင် ပိုလန်စစ်ဘက်က အမှာစာတင်သွင်းထားသည့် K239 Chunmoo MLRS 218 စီးလုံးအတွက် ပေါင်းစည်းသွားမည်လည်းဖြစ်သည်။

Hanwha ကုမ္ပဏီ၏ အဆိုအရ အဆိုပါစာချုပ်သည် ပိုလန်ရှိကာကွယ်ရေးစက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှုကိုအားကောင်းစေရန် ကုမ္ပဏီ၏ကြိုးပမ်းမှုတွင် အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ယခုသဘောတူညီမှုသည် ပိုလန်နိုင်ငံစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ပိုလန်နိုင်ငံစစ်ဘက်၏ အဟန့်အတားစွမ်းရည်ကို မြှင့်တင်ရန်လည်း ရည်မှန်းထားသည်။

ပိုလန်နိုင်ငံသည် WB Group နှင့် ချုပ်ဆိုသောစာချုပ်သည် ဒေသတွင်းစက်မှုလုပ်ငန်းအင်အားစုများနှင့် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုလန်စက်မှုလုပ်ငန်းအတွက် အမြင့်ဆုံးအကျိုးခံစားခွင့်ကို ယူဆောင်လာနိုင်စေရန် တောင်ကိုရီးယားနိုင်ငံ Hanwha ကုမ္ပဏီ၏ မယိမ်းယိုင်သောကတိကဝတ်အတွက် အဓိကမှတ်တိုင်တစ်ခုဖြစ်သည်ဟု အဆိုပါကုမ္ပဏီဥက္ကဋ္ဌ Son Jaeil က ပြောကြားခဲ့သည်။

ပိုလန်နိုင်ငံ စက်မှုလုပ်ငန်းကျွမ်းကျင်သူများနှင့် Hanwha ကုမ္ပဏီမှ နည်းပညာပေါင်းစပ်မှုသည် မယှဉ်နိုင်လောက်အောင် ပူးပေါင်းလုပ်ဆောင်နိုင်စေမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြောင်း Son Jaeil ကဆိုသည်။

K239 Chunmoo MRLS သည် ၆၀၀ မီလီမီတာ နည်းဗျူဟာမြောက်ဒုံးကျည်များနှင့် ၂၃၉ မီလီမီတာပဲ့ထိန်းဒုံးကျည်များကို ပစ်ခတ်နိုင်သည့် အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ဖြစ်သည်။

၎င်းသည် ရန်သူပိုင်ဆိုင်မှုများကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ရာသီဥတုမရွေး တိုက်ပွဲဝင်နိုင်သော၊ ကြည်းတပ်မြေပြင်တပ်ဖွဲ့များအတွက် သွယ်ဝိုက်ပစ်ကူပေးနိုင်သောလက်နက်အမျိုးအစားလည်းဖြစ်သည်။

**S. Korea Buys Polish C2 Systems for K239 Chunmoo MRLS ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ်ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးမှုအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ငရုတ်စိုက်ပျိုးမှုတွေအနေနဲ့ကတော့ ယခင်ထက်ပိုမိုတိုးတက်လာပါပြီ။ ချောင်းဦး၊ ယင်းမာပင်ဘက်တွေမှာ တရုတ်နိုင်ငံကိုတင်ပို့ဖို့ စိုက်ပျိုးတာတွေလဲရှိလာပြီ။ အဲဒါကြောင့် ငရုတ်စိုက်ပျိုးပြီးတော့ ကုန်ထုတ်လုပ်နိုင်ဖို့အတွက် ငရုတ်သီးနှံတွေကို တိုးချဲ့စိုက်ပျိုးဖို့ အားပေးဆောင်ရွက်နေပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ငရုတ် ဧက ၃၀၊ တမူးခရိုင်တွင် ၂၃၂ ဧက၊ ကလေးခရိုင်တွင် ဧက၂၃၀၊ ခန္တီးခရိုင်တွင် ဧက ၄၀၊ ဟုမ္မလင်းခရိုင်တွင် ၁၇၈ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဧက ၅၀၊ မုံရွာခရိုင်တွင် ၁၇၆၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၅၃၆ ဧက၊ ရွှေဘိုခရိုင်တွင် ၈၅၈ ဧက၊ ရေဦးခရိုင်တွင် ၈၈၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ၂၂၂၉ ဧက၊ ကသာခရိုင်တွင် ၄၇၅ ဧက၊ ကောလင်းခရိုင်တွင် ဧက ၁၀၀ စုစုပေါင်း ငရုတ် ၉၆၀၇ ဧက တို့ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံ စိုက်ပျိုးတောင်သူများကို ငရုတ်သီးနှံအထွက်နှုန်းကောင်းစေရေး ဈေးကွက်ရရှိအောင် စိုက်ပျိုးနည်းစနစ်များနည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရေးအတွက် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ရွာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လှိုင်းဘွဲ့မြို့နယ် ရွာကိုင်းကောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းရေရှည်အသုံးပြုနိုင်ရေး လမ်းအသုံးပြုသူ ကျေးရွာသူ၊ ကျေးရွာသားများက စနစ်တကျဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားသည်။



ရွာကိုင်းကောင်းကျေးရွာတွင် လမ်းအရှည် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ သုံးပေနှင့် ဂဝံမြေနီ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို နဂါးနေရောင်ခြည်ကုမ္ပဏီက ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၄၈၅သန်းဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သဖြင့် ကျေးရွာနေဒေသခံတောင်သူများ၏ သွားလာရေးအဆင်ပြေချောမွေ့လာသည့်အပြင် လယ်ယာမြေဧက ၂၀၀ ကျော်မှထွက်ရှိလာသည့် လယ်ယာထွက်ကုန်ပစ္စည်းများဈေးကွက်သို့ လွယ်ကူလျှင်မြန်စွာသယ်ယူပို့ဆောင်နိုင်စေရေး အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သူသူ**

# ပူတာအိုမြို့နယ်၌ အဆင့်မြင့်ရိုးရာစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဆင်းပွဲ ကျင်းပ

**ပူတာအို ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်ရိုးရာစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သင်တန်းကာလအပြီးပံ့ပိုးပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးက သင်တန်းဆရာမကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုရရှိကြသော သင်တန်းသူများအား ဆုများကိုလည်းကောင်း၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးကို သင်တန်း ဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူစုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက လီဆူ၊ ရဝမ်၊ ကချင်ရိုးရာဝတ်စုံချုပ်လုပ်နည်းပညာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်ထိ ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုး၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **မင်းမြင့်မိုရ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၇-၂-၂၀၂၃**

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |

**(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**ဓာတ်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စီမံကိန်းဖြစ်ပေါ်လာသည့်အခြေအနေများနှင့် စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

⁅၃⁆ ရှေ့ဖုံးမှအဆက်

ကုလားတန်ဆိပ်ခံတံတားဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရုံးနှင့်ဆက်စပ် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများနှင့် မြစ်တွင်းသွား သယ်ယူပို့ဆောင်ရေးယာဉ်များ ရောက်ရှိမှု၊ ပလက်ဝ ပြည်တွင်းရေကြောင်းဆိပ်ကမ်း တည်ဆောက်ပြီးစီးမှု၊ ရေလမ်းကြောင်း သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပလက်ဝမှ မြန်မာ-အိန္ဒိယ နယ်စပ်ထိ အဝေးပြေးကားလမ်း ဖောက်လုပ်ရန်ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ဆိပ်ကမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ရန်ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းပြီးစီးပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည်** ရခိုင်ပြည်နယ်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စေမည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် ကောင်းမွန်သည့်ဆက်ဆံရေးသမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်**ကြောင်း၊ ယခုစီမံကိန်းသည် **နှစ်နိုင်ငံကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်လာစေနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်**ကြောင်း၊ **ရခိုင်ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပလက်ဝဒေသအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်**ကြောင်း၊ ထို့ပြင်ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းအမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများနှင့် စီမံကိန်းဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုရာ စစ်တွေမြို့ဆိုင်ရာ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Mr. Bibekananda Bhattamishra နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ စစ်တွေမြို့ဆိုင်ရာ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Mr. Bibekananda Bhattamishra နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း ဆောင်ရွက်ပြီးစီးပါက မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်းပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေခြင်း၊ ဒေသခံပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများ အနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ အကြို အထိမ်းအမှတ် မျက်စိအတွင်းတိမ်လူနာ ၇၅ ဦးကို အခမဲ့ခွဲစိတ်ကုသပေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံကျန်းမာရေး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ၂၀၂၃ အကြို (Myanmar Health Sciences Conference-2023) အထိမ်းအမှတ်အဖြစ် မျက်စိရောဂါဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မျက်စိအတွင်းတိမ်လူနာ ၇၅ ဦးကို အခမဲ့ခွဲစိတ် ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ပံ့ပိုးမှုဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် မျက်စိရောဂါဌာန၊ ဆေးတက္ကသိုလ်(၂)မှ ဆရာဝန်များနှင့် ပါရဂူများက ဖေဖော်ဝါရီ ၂၃ ရက်တွင် လူနာဦးရေ ၄၀ နှင့် ယနေ့တွင် လူနာ ၃၅ ဦး စုစုပေါင်း မျက်စိဝေဒနာရှင် ၇၅ ဦးကို အခမဲ့ခွဲစိတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမဲ့ခွဲစိတ်ကုသမှုတွင် မျက်စိအတွင်းတိမ်ကိုဖယ်ရှား၍ မျက်တွင်းမှန်ဘီလူး (Intraocular lens-IOL) အပါအဝင် မခွဲစိတ်မီပိုးသတ်ဆေးမျက်စဉ်းနှင့် ခွဲစိတ်ပြီး အရောင်ကျဆေးမျက်စဉ်း၊ အကာအကွယ်အတွက် နေကာမျက်မှန်များ ပံ့ပိုးပေးခဲ့ပြီး ခွဲစိတ်ပြီးသောလူနာများကို နောက်တစ်ရက်၊ နောက်တစ်ပတ်နှင့် တစ်လအကြာတွင် မျက်စိစမ်းသပ်မှုတို့ကို ပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဓာတ်ပုံ-ကနူ၊ ညီမ်းသူ (သတင်းစဉ်)**

# ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသော ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Vis-itstump၊ (ကြည်း၊ရေ၊လေ) စစ်သံမှူးများနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်မှတ်တမ်း Video ကိုပြသပြီး သံအမတ်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် စစ်သံမှူးတို့သည် ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြကာ အခမ်းအနားတက်ရောက်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးတို့က အခမ်းအနားတက်ရောက်လာသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။




**ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

# ငမိုးရိပ်ဆည်မှ နွေစပါးဧက ၁၈၀၀၀ ကျော်၊ ဆောင်းနေကြာနှင့် ပဲသီးနှံမျိုးစုံ ၆၁၆၇ ဧကအတွက် ရေမပြတ်ပို့လွှတ်မှုဖြင့် တောင်သူများ စိုက်ပျိုးရေအဆင်ပြေလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးများအတွင်း နွေစပါးနှင့် ဆီထွက်သီးနှံတို့ကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ငမိုးရိပ်ဆည်မှ နွေစပါး ၁၈၉၇၆ ဧက၊ ဆောင်းနေကြာနှင့် ပဲမျိုးစုံစိုက်ခင်း ၆၁၆၇ ဧကတို့အတွက် နေ့စဉ်မပြတ် ဆည်ရေပို့လွှတ်မှုဖြင့် တောင်သူများ စိုက်ပျိုးရေအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ငမိုးရိပ်ဆည်ကို ရေပေးဝေနိုင်သော စိစစ်ဧရိယာ ဧက ၃၃၈၂၅ ကို ရေပေးဝေနိုင်ရန်တည်ဆောက်ထားပြီး စိုက်ဧက ၂၀၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ဆည်ရေပို့လွှတ်ခဲ့ပြီး မေလထိ ရေပေးဝေသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်စိုးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မင်္ဂလာဒုံ၊ လှည်းကူးနှင့် ဒဂုံလေးမြို့နယ်သို့ ငမိုးရိပ်ဆည်မှ ရေပို့လွှတ်လျက်ရှိရာ လှည်းကူးမြို့နယ်အတွင်းရှိ စိုက်ခင်းများမှ အများဆုံး အသုံးပြုလျက်ရှိသည်။ ငမိုးရိပ်ဆည်ရေသောက်ဧရိယာအတွင်း၌ နွေစပါး ၁၈၉၇၆ ဧက၊ ပဲမျိုးစုံသီးနှံ ဧက ၄၄၆၀ နှင့် ဆောင်းနေကြာ ၁၇၀၇ ဧကတို့ကို စိုက်ပျိုးထားသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သောဆည်ရေကို မပြတ်ပို့လွှတ်နိုင်မှုဖြင့် နွေစပါးထွက်နှုန်းကောင်းရန် တောင်သူနှင့်ဌာနမှ မျှော်မှန်းထားပြီး လျာထားမှုထက် တိုးချဲ့စိုက်ပျိုးနိုင်မှုကြောင့် ယခုနှစ်နွေစပါးသည် တောင်သူနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် စိုက်ပျိုးသီးနှံအဖြစ် မကြာမီပေါ်ထွန်းလာမည်ဖြစ်သည်။

ငမိုးရိပ်ဆည် ရေသောက်ဧရိယာအတွင်းရှိစိုက်ခင်းများ ပြည့်ဝစွာ စိုက်ပျိုးရေအသုံးပြုနိုင်ရန် တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိ၍ ပြီးခဲ့သည့်မိုးရာသီတွင် ရေဝင်ရောက်မှုနည်းခဲ့ပြီး ဆည်အပြည့် ရေသိုလှောင်နိုင်မှုမရှိသော်လည်း ပေါင်းရင်းတမံနှင့် မဟူရာတမံဖြစ်သော ရေကူတမံနှစ်ခု စုပေါင်းအားဖြင့် တိုးလာသော စိုက်ဧကနှင့် မြို့တော်သောက်သုံးရေအတွက် လိုအပ်သောရေကို အလေအလွင့်မရှိ ပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး၊ ညီမ်းသူ (သတင်းစဉ်)**





# မန္တလေးတက္ကသိုလ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို မြို့မိမြို့ဖများ၏ စေတနာအကြိမ်မြောက် ပညာရည်ချွန်ရွှေတံဆိပ်ဆုများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးတက္ကသိုလ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို မြို့မိမြို့ဖများ၏ စေတနာအကြိမ်မြောက် ပညာရည်ချွန်ရွှေတံဆိပ်ဆုများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၏ ဇနီး ဒေါ်ရွှေဥ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ မြို့မိမြို့ဖအလှူရှင်များ၊ ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် မိဘများ၊ ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုစကားပြောကြားပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ကျေးဇူးတင်စကားများနှင့် မြို့မိမြို့ဖအလှူရှင်များကိုယ်စား ဦးတင်မောင်(သူရိန်နန်း)က ပညာရည်ချွန်ရွှေတံဆိပ်ဆုများ ချီးမြှင့်ရသည့် ရည်ရွယ်ချက်များနှင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ပြောကြားသည်။

ထို့နောက် အလှူရှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၏ ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ မိသားစုနှင့် မြို့မိမြို့ဖအလှူရှင်များက မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားနေသည့် ဘာသာရပ် ၁၂ ခုမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးကို ရွှေအလေးချိန် တစ်ကျပ်သားရှိ ပညာရည်ချွန်ရွှေတံဆိပ်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပညာရည်ချွန်ရွှေတံဆိပ်ဆုများ ချီးမြှင့်ပေးခဲ့ကြသည့် မြို့မိမြို့ဖအလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ပြီး ပညာရည်ချွန်ရွှေတံဆိပ်ဆုရ ရူပဗေဒအထူးပြုဘာသာရပ်မှ မဟာသိပ္ပံပထမနှစ် ကျောင်းသူ မလှလွင်နိုင်က ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၏ ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုဖျော်ဖြေကပြမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

## ဖေဖော်ဝါရီ ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၁၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၉၈ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၉၀၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်မြေသာစံမြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ မဟာကုသိုလ်တော် ကျောင်းတိုက်၌လည်းကောင်း၊ မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူ ၇၂၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ထွက်ခွာ



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် စတင်ထွက်ခွာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည်ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဆိပ်ခံတံတား(သီလဝါ)မှ ထွက်ခွာရာသန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်း၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ်ကျော်ဇေယျ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဆေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်း ဦးဆောင်သော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါ၍ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ECG စက်၊ X-Ray စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ပြီးသည့်နောက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ**သည်လည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင်ဦးဆောင်ပါတီ** [Arakan Front Party (AFP)] တို့သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ လေးပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ကိုးပါတီဖြစ်၍ စုစုပေါင်း ၁၃ ပါတီ ဖြစ်သည်။ ယင်း ၁၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ငါးပါတီနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ရှစ်ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော CDF/PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်


**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကသာမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့ရှိ တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ အသီးသီးပြောကြားပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကသာမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့မှ PDF/ CDF အဖွဲ့ဝင် အမျိုးသား ငါးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော CDF/PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။

# မကွေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထံပို့ဆောင်မည့် လက်နက်၊ ခဲယမ်းများနှင့်အတူ တရားခံများဖမ်းဆီးရမိ







၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက်ကားဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် တရားခံနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုယက်ခြင်းများအား ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။

ထို့ပြင် CRPH နှင့် NUG တို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ချိတ်ဆက်၍ လက်နက်ခဲယမ်းများ ဝယ်ယူကာ PDF အမည်ခံ အကြမ်းဖက်သမားများကိုထောက်ပံ့၍ အပြစ်မဲ့ပြည်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ လူသတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွား ဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း အကြမ်းဖက်သမားများ၏သတင်းများကို လျှို့ဝှက်ပေးပို့လျက်ရှိသည်။ သို့ဖြစ်၍ တာဝန်သိပြည်သူများ၏ လျှို့ဝှက်စွာ သတင်းပေးပို့မှုများကို ဆက်စပ်သတင်းဖော်ထုတ်မှုများအရ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက်ကားဂိတ်၌ ကျိုက်ထိုမြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့မောင်းနှင်လာသည့် ယာဉ်အမှတ်၊ YGN/RLG-2396 ပရာဒိုယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်း **ဝင်းဇော်**နှင့် **ဇော်လွင်ဦး(ခ) ဥူးတေဇောဘာသ**တို့ကို MK-12 သေနတ် နှစ်လက်၊ M-4ကာဘိုင် ၂ လက်၊ M-16 သေနတ် တစ်လက်၊ ပွိုင့်-၃၈၀ ရိုင်ဖယ် တစ်လက်၊ AK-47 သေနတ် တစ်လက်၊ Glock ပစ္စတို ၁၀ လက်၊ Sigsauer ပစ္စတို သုံးလက်၊ ကျည်မျိုးစုံ အတောင့် ၃၉၈၀၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ရီမိုခလုတ် ၄၉ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျားနှစ်ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ အလက် ၂၀၊ ကျည်မျိုးစုံ အတောင့် ၃၉၈၀၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ရီမိုခလုတ် ၄၉ ခု တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ဝင်းဇော်**နှင့် **ဇော်လွင်ဦး(ခ)ဥူးတေဇောဘာသ**တို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် မတ်လခန့်တွင် KNLA တပ်မဟာ(၆)လှုပ်ရှားနယ်မြေ လေးကေ့ကော်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းတက်ရောက်စဉ် ရင်းနှီးခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ ဆရာမိုး၊ မြဝတီမြို့နေသူ၏ ချိတ်ဆက်ပေးမှုဖြင့် အကြမ်းဖက် CRPH နှင့် NUG မှ KNLA တပ်မဟာ(၆)ထံမှ ဝယ်ယူခဲ့သည့် လက်နက်၊ ခဲယမ်းများကို မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်အတွင်း လှုပ်ရှားလျက်ရှိသည့် မြိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **ရဲသော်တာ(ခ) ကျောက်တိုင်၊ ဗိုလ်လက်ျာ**နှင့် **မြိုင်ကြီး(ခ)ယကူ**တို့ထံသို့ အခကြေးငွေရယူ၍ ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ လက်နက်၊ ခဲယမ်းများအား မွေ့ရာ၊ မြက်ဖျာများ၊ အဝတ်အစားဘောထုပ်အိတ်များနှင့် မုန့်ပုံးများအတွင်း၌ ထည့်သွင်းသိုဝှက်၍ ခရီးသည်တင်ကားများဖြင့် ပို့ဆောင်ခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များကို သာသနာပိုင်ယာဉ်၊ လူမှုကယ်ဆယ်ရေးယာဉ် နံပါတ်ပြားများတပ်ဆင်၍ ပုံမှားရိုက်ခရီးသွားဟန်လွှဲ ပြုလုပ်ပို့ဆောင်ခြင်း၊ ယာဉ်အောက်ကြမ်းခင်းများအတွင်း အံဝှက်များပြုလုပ်၍ ထည့်သွင်းပို့ဆောင်ကာ လမ်းကြောင်းတစ်လျှောက် အဆင့်ဆင့်လက်ပြောင်းလက်လွှဲပြုလုပ်၍ လျှို့ဝှက်စွာ သယ်ဆောင်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဦးမှုသတင်းရယူကာ စနစ်တကျ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်းဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။





၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက်ကားဂိတ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက်ကားဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများတင်ဆောင်လာသော ပရာဒိုယာဉ်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက်ကားဂိတ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်

➤ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➤ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ နယ်ဝင်၊ အမည်ပြောင်း၊ လိပ်စာပြောင်း၊ အင်ဂျင်ပြောင်း၊ ဆေးရောင်ပြောင်း၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုးမော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက်ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

➤ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အငှားပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ရက်အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

➤ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့တွင် ငွေကျပ် သိန်း ၄၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁ သိန်း ဖမ်းဆီးရမိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့တွင် ငွေကျပ် သိန်း ၄၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ည ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် မြကျွန်းသာပန်းခြံအနီးတွင် ကျော်ကိုလွင်မောင်းနှင်ပြီး လှထွေး(ခ)ကိုထွေး လိုက်ပါလာသည့် ISUZU BIGHORN မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ည ၇ နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၃)ရပ်ကွက်ရှိ ကျော်ကိုလွင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား၂ ဒသမ ၁ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၄၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရာတော်မြို့နယ် စပါးတွင်းကျေးရွာရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် စပါးတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၃ ရက် ည ၈ နာရီခန့်တွင် အရာတော်မြို့နယ် စပါးတွင်းကျေးရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှ ကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ အရပ်သား ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများသည် ပြန်လည်ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာ၏ အရှေ့မြောက်ဘက်ပိုင်းရှိ နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၂၃ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျေးရွာများအတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အရာတော်မြို့နယ်၌ဖြစ်ပွားခဲ့သော ကျောင်းကြိုပိုယာဉ် မိုင်းခွဲတိုက်ခိုက်ခံခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်တွေရဲ့အနာဂတ်ကိုရိုက်ချိုးနေသည့် အနာဂတ်မဲ့ အကြမ်းဖက်သမားလူငယ်များ"** ခေါင်းစဉ်ဖြင့် ၁-၃-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KLNA နှင့် PDF အကြမ်းဖက်သမားများက လှိုင်းဘွဲ့မြို့နယ် ရွှေဝွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့၍ အပြစ်မဲ့ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၈-၂-၂၀၂၃ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၂။ | ၁၀း၄၆ | ဖတ်သမျှမှတ်သမျှ |
| ၃။ | ၁၁း၃၀ | Keep it Nature |
| ၄။ | ၁၃း၃၀ | Live For You |
| ၅။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ယ) ရပ်ကွက်နေ ကြည်လင်းသည် ၎င်းအသုံးပြုသည့် "Kyi Lynn" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ရည်မွန်သည် ၎င်းအသုံးပြုသည့် "Yee Mon" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အင်ဒိုနီးရှားနိုင်ငံ ကတ္တလမ်ပါရေတံခါး၌ ရေပမာဏမြင့်တက်မှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်



**ဂျကာတာ ဖေဖော်ဝါရီ ၂၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်း ဘိုဂေါမြို့ရှိ ကတ္တလမ်ပါရေတံခါး၌ ရေပမာဏမြင့်တက်မှုကြောင့် ဘိုဂေါမြို့အပါအဝင် ဂျကာတာမြို့နှင့် ပန်ကက်ခ်မြို့တို့ကို အနောက်ဂျာဗားကျွန်းအာဏာပိုင်အဖွဲ့အစည်းက ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း Tempo သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

စီလီဝမ်မြစ်ရေပမာဏသည်လည်း မြင့်တက်နေသည့်အတွက် လာမည့်ရက်ပိုင်းအတွင်း ဂျကာတာမြို့တွင် ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ကတ္တလမ်ပါရေတံခါးတွင် ရေပမာဏမှာ ၁၁၀ စင်တီမီတာထိ မြင့်တက်နေပြီး ကတ္တလမ်ပါရေတံခါးအနီး ဖြတ်သန်းသွားလာခြင်း မပြုရန်လည်း ဘိုဂေါအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ ကတ္တလမ်ပါရေတံခါးတွင် ရေပမာဏသည် ဖေဖော်ဝါရီ ၂၆ ရက် ည ၁၀ နာရီခန့်မှစ၍ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး မိုးရွာသွန်းမှုအပေါ် မူတည်၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

"ကတ္တလမ်ပါရေတံခါးမှာ ရေပမာဏတွေ မြင့်တက်နေပါတယ်။ ဘိုဂေါမြို့နဲ့ ပန်ကက်ခ်မြို့တို့မှာ လာမဲ့ ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေမှာရှိပါတယ်"ဟု အနောက်ဂျာဗားကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဆူဒီမန်းက ပြောကြားခဲ့သည်။

**ရိုင်းဆက်**

# ဆာမိလူမျိုးများ၏ သမင်ထိန်းကျောင်းမှုနယ်မြေအတွင်း အဆောက်အအုံများတည်ဆောက်ထားခြင်းကြောင့် နော်ဝေစွမ်းအင်ဝန်ကြီးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**အော့စ်လို ဖေဖော်ဝါရီ ၂၇**

နော်ဝေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများသည် ဆာမိလူမျိုးများ၏ သမင်ထိန်းကျောင်းမှုများပြုလုပ်နေသည့် နယ်မြေအတွင်း လေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ထားခြင်းနှင့်ပတ်သက်ပြီး နော်ဝေစွမ်းအင်ဝန်ကြီးကို ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း နော်ဝေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း၏ခေါင်းဆောင်ဖြစ်သူ တန်းဘက်က ပြောကြားခဲ့သည်ဟု 7News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများသည် ဖေဖော်ဝါရီ ၂၆ ရက်က နော်ဝေစွမ်းအင်ဝန်ကြီးခရီးစဉ်၏ လမ်းကြောင်းကို ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီး လေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် ရွေးချယ်သည့်နေရာကို ရွှေ့ပြောင်းပေးရန် တောင်းဆိုခဲ့သည်။

"လေအားလျှပ်စစ်ထုတ်လုပ်မှုကိုတော့ အားပေးကြိုဆိုပါတယ်။ ဒါပေမဲ့ နေရာရွေးချယ်တဲ့အပိုင်းမှာ နယ်မြေခံပြည်သူလူထုရဲ့ သဘောထားကို မကောက်ခံဘဲ လုပ်ချင်တဲ့နေရာမှာ လုပ်တာကို လက်မခံနိုင်ပါဘူး။ အခု လေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် အခြေခံအဆောက်အအုံတွေ တည်ဆောက်ထားတဲ့နေရာဟာ ဒေသခံတိုင်းရင်းသားဖြစ်တဲ့ ဆာမိလူမျိုးတွေရဲ့ သမင်ထိန်းကျောင်းတဲ့ နေရာဖြစ်နေတယ်။ ဒါကြောင့် ဆန္ဒထုတ်ဖော်တဲ့နေရာမှာ လူ့အခွင့်အရေးအတွက် ကျွန်တော်လဲ ပါဝင်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု နော်ဝေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း၏ခေါင်းဆောင်ဖြစ်သူ တန်းဘက်က ပြောကြားသည်။



ဒေသခံများ၏ ကန့်ကွက်မှုကြောင့် လေအားလျှပ်စစ်ထုတ်လုပ်မှုနေရာရွေးချယ်မှုကို နေရာရွှေ့ပြောင်းရန် နော်ဝေတရားရုံးချုပ်က အမိန့်ချမှတ်ခဲ့သည့်အတွက် နေရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ရိုင်းဆက်**

# တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံ မြေငလျင်ဒဏ်သင့်ပြည်သူများကိုတွေ့ဆုံရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး တူရကီနိုင်ငံသို့ ထွက်ခွာ

**ကိုင်ရို ဖေဖော်ဝါရီ ၂၇**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ရှောင်ကရီသည် ဖေဖော်ဝါရီ ၆ ရက်က မြေငလျင်အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ မြေငလျင်ဒဏ်သင့် ပြည်သူများနှင့်တွေ့ဆုံရန်အတွက် ယနေ့နံနက်ပိုင်းက အီဂျစ်နိုင်ငံမှ စတင်ထွက်ခွာခဲ့ကြောင်း အီဂျစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု France24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဆိုးရွားသည့် မြေငလျင်အန္တရာယ်ကြောင့် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့တွင် လူဦးရေ ၅၀၀၀၀ ကျော် သေဆုံးခဲ့သလို အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ရှောင်ကရီက အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် ပြည်သူများနှင့်အတူရပ်တည်သွားမည်ဖြစ်ကြောင်း ပြသလိုသည့်အတွက် ချစ်ကြည်ရေးခရီးစဉ်ထွက်လာခဲ့ခြင်းလည်းဖြစ်ကြောင်း၊ အီဂျစ်သမ္မတ အယ်လ်စီစီသည်လည်း မြေငလျင်အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံများမှ အာဏာပိုင်အဖွဲ့အစည်းကို သံတမန်လမ်းကြောင်းဖြင့် ဆက်သွယ်က မြေငလျင်ဒဏ်သင့် ပြည်သူများနှင့်အတူ ရပ်တည်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အီဂျစ်အစိုးရအဖွဲ့သည် မြေငလျင်ဒဏ်သင့် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် ဆေးဝါးပံ့ပိုးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နည်းပညာအကူအညီများ ပေးအပ်သွားရန် စီစဉ်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း ကယ်ဆယ်ရေးဝန်ထမ်းများစေလွှတ်ပေးထားပြီးဖြစ်သလို အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ရှောင်ကရီအနေဖြင့် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့မှ အာဏာပိုင်အဖွဲ့အစည်းနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဆက်လက်ကူညီပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ရိုင်းဆက်**

# မိုးခေါင်ရေရှားမှုဒဏ်မှ သက်သာရန် အာဖရိကနိုင်ငံများကို အကူအညီများ ပိုမိုပေးဆောင်ရန် ဂျေးလ်ဘိုင်ဒင် ပြော

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၇**

အာဖရိကဦးချိုဒေသအနေဖြင့် မိုးခေါင်ရေရှားမှုဒဏ်မှ သက်သာရာရရှိရန် ပိုမိုလိုအပ်ကြောင်းနှင့် ဆယ်စုနှစ်များစွာအတွင်း အခြောက်သွေ့ဆုံး အခြေအနေများဖြင့် ကြုံတွေ့နေရသော ကင်ညာနိုင်ငံအပါအဝင် အာဖရိကနိုင်ငံများကို ချမ်းသာသောနိုင်ငံများက အကူအညီများ ပိုမိုပေးဆောင်ရန် အမေရိကန်သမ္မတကတော် ဂျေးလ်ဘိုင်ဒင်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ကင်ညာနိုင်ငံသို့ရောက်ရှိစဉ် ပြောကြားခဲ့ကြောင်း Frarnce 24 သတင်းဌာနက ဖေဖော်ဝါရီ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတကတော် ဂျေးလ်ဘိုင်ဒင်သည် မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသည့် အာဖရိကဦးချိုဒေသသို့ ငါးရက်ကြာခရီးစဉ်၏ နောက်ဆုံးနေ့အဖြစ် ကင်ညာနိုင်ငံသို့ ရောက်ရှိစဉ် ဒေသခံများနှင့် အနီးကပ်တွေ့ဆုံစဉ် ထိုသို့တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျေးလ်ဘိုင်ဒင်သည် ယူနီဆက်နှင့်ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ပံ့ပိုးကူညီမှုဖြင့် World Vision မှ ဆောင်ရွက်သည့် မြို့တွင်းဖြန့်ဝေရေးစင်တာသို့ သွားရောက်ခဲ့ပြီး အာဟာရချို့တဲ့မှုစစ်ဆေးရန် လာရောက်သော ကလေးများ၏မိခင်များနှင့်တွေ့ဆုံဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အာဖရိကဒေသရှိ မိုးခေါင်ရေရှားမှုဒဏ်ခံရသူအများစုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပြီး ၎င်းတို့၏တိရစ္ဆာန်များပါ သေဆုံးခဲ့ရသည့်အတွက် အခက်အခဲ တွေ့နေရကြောင်း၊ အဆိုပါ ကိစ္စများကိုဖြေရှင်းရန် အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်း၏ အင်အားဖြင့်မလုံလောက်ကြောင်း ဂျေးလ်ဘိုင်ဒင်က ပြောကြားခဲ့သည်။

ဆိုမာလီယာ၊ အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံတို့ရှိ လူဦးရေ ၂၃ သန်းခန့်သည် စားနပ်ရိက္ခာလုံလောက်မှုမရှိဘဲ နောက်ထပ်စားစရာကို မည်သည့်နေရာတွင်ရှာဖွေရမည်ကို မသိရှိကြကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ဒေသဆိုင်ရာဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**AZH**

# ပါကစ္စတန်ရေဘေးဒုက္ခသည်များအတွက် တရုတ်နိုင်ငံရှိ တရုတ်ကုမ္ပဏီတစ်ခုက အားကစားဖိနပ်များ ပေးအပ်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၂၇**

ယခင်နှစ် ရေကြီးရေလျှံမှုများကြောင့် ဒုက္ခရောက်နေသော ပါကစ္စတန်နိုင်ငံသားများအတွက် တရုတ်နိုင်ငံ အားကစားဖိနပ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ရှူပီး ၃၈ သန်းတန်ဖိုးရှိ ဖိနပ်များကို ဖေဖော်ဝါရီ ၂၆ ရက်က ပေးအပ်ခဲ့ကြောင်း SKY News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံမှ အားကစားဖိနပ်ကုမ္ပဏီတစ်ခုဖြစ်သော China Leather Industry Association ၏ အဆိုအရ ကုမ္ပဏီသည် တရုတ်ဖိနပ်များကိုဝတ်ဆင်၍ အိုးအိမ်သစ်များ ပြန်လည်တည်ဆောက်ခြင်းဟု အမည်ပေးထားသည့် ပဏာမခြေလှမ်းတစ်ခုကို ယခုနှစ် ဇန်နဝါရီလမှ စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခုအခါ ရှူပီး ၃၈ သန်းတန်ဖိုးရှိ ဖိနပ်များကို ပေးအပ်ခြင်းဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့ပြီး ပါကစ္စတန်နိုင်ငံသားများအတွက် တရုတ်လူမျိုးတို့ နွေးထွေးမှုကို ခံစားရစေသည်ဟု ပါကစ္စတန်သံအမတ်ကြီး Moin ul Haque က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်က မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် နောက်ဆက်တွဲရေကြီးရေလျှံမှုများကြောင့် နိုင်ငံ၏ သုံးပုံတစ်ပုံကို ရေလွှမ်းမိုးခဲ့သဖြင့် လူဦးရေ ၃၃ သန်းခန့်ကို ထိခိုက်စေခဲ့ကာ တိရစ္ဆာန်များ၊ အဆောက်အအုံများ ရေနှင့်အတူမျောပါခဲ့ရာ လူဦးရေ ၁၇၀၀ ကျော်သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ခန့် ဆုံးရှုံးနစ်နာခဲ့ရကြောင်း သိရသည်။

ကမ္ဘာ့ပဉ္စမမြောက် လူဦးရေအများဆုံး ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွင် သုည ဒသမ ၈ ရာခိုင်နှုန်းသာရှိသော်လည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပြင်းထန်သောရာသီဥတုကို အခံရဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**AZH**

0w Kw d @

# သာတူညီမျှ

ဗိုင်းဆု(စည္တာရေး)




(၁)

“ရော့ သမီး ဒါက သမီးကြိုက်တဲ့ငါးပုတ်သင်ဟင်း”

အစ်မဖြစ်သူ၏ ထမင်းပန်းကန်ထဲသို့ ငါးဟင်းထည့်ပေးရင်း ဆိုလာသောအဖေ့စကားသံကြောင့် ဖိုးထူး စိတ်မကောင်းဖြစ်မိသည်။ သူ့ထမင်းပန်းကန်ထဲကို ကြည့်လိုက်တော့ သူကိုယ်တိုင်ထည့်ထားသောချဉ်ပေါင်ကြော်အနည်းငယ်သာရှိသည်။ သူကိုယ်တိုင်ဟင်းထည့်စားရင်ရသော်လည်း အဖေဖြစ်သူ၏ ဂရုတစိုက်နှင့်ထည့်ပေးတာမျိုးတော့ ဖိုးထူးလိုချင်မိသည်။

“သားစားလေ ဘာတွေစဉ်းစားနေတာလဲကွ”

အဖေ့သတိပေးစကားကြောင့် ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ သူ့အကြောင်းကိုပို၍သိသော အမေကပင် သူ့ပန်းကန်ထဲသို့ ငါးဟင်းတစ်တုံးလာထည့်ပေးလေသည်။ သူ့သတိထားမိသလောက် အဖေသည် အစ်မဖြစ်သူကို သူ့ထက်ပိုချစ်သည်ဟု ထင်မိသည်။ အဖေသည် အစ်မဖြစ်သူကြိုက်သည့်ဟင်းလေးများ ချက်ရန် အမေ့ကို အမြဲလိုမှာလေ့ရှိသည်။ သူ ကျောင်းပြန်နောက်ကျသည့်အခါ စိုးရိမ်လား၊ မစိုးရိမ်လားမသိသော်လည်း အစ်မဖြစ်သူ အလုပ်ကအပြန်နောက်ကျသည့်အခါမျိုးတွင်တော့ အဖေသည် အမြဲတမ်းစိုးရိမ်ပူပန်လေ့ရှိသည်။

“သမီး အလုပ်မှာကော အဆင်ပြေရဲ့လား”

“ဟုတ် ပြေပါတယ်အဖေ။ စက်ရုံဆိုတော့ နည်းနည်းတော့ပင်ပန်းတာပေါ့။ ဒါပေမဲ့ သမီးကစာရေးမဆိုတော့ သူများတွေထက်တော့ သက်သာပါတယ်အဖေ”

“အေးပါသမီးရယ် ရိုးသားကြိုးစားပြီး မိဘလုပ်ကျွေးတဲ့ အဖေ့သမီးလေး ကုသိုလ်ရမှာပါ”

အဖေနှင့် အစ်မဖြစ်သူ စကားပြောနေသည်ကို နားထောင်ရင်း ပီတိဖြစ်နေရသော်လည်း သူ့ရင်ထဲတွင်တော့ အမျိုးအမည်မသိသော ဝမ်းနည်းမှုများနှင့် ပြည့်နှက်နေခဲ့ရသည်။

(၂)

“အမေ အမေက သားနဲ့ အစ်မ ဘယ်သူ့ကို ပိုချစ်လဲဟင်”

သူ့အမေးကြောင့် အမေသည် ကန်စွန်းရွက်ခြွေရာမှ နဖူးပေါ်တွင်ရှိသောချွေးစတို့ကို လက်ဖြင့်သုတ်ရင်း ပြုံးလိုက်သည်။ ထို့နောက် အမေသည် အိမ်ရှေ့တွင် အဖေရှိမလားဆိုပြီး အကဲခတ်လိုက်သေးသည်။ ထို့ကြောင့် သူကပင် ပြောလိုက်တော့သည်။

“အဖေ ခုနကပဲ ဦးလေးဝင်းသိန်းလာခေါ်လို့ လက်ဖက်ရည်ဆိုင်ထွက်သွားတယ်အမေရဲ့”

“သြော်. . . အေးပါ အေးပါ သားရယ်။ ဒါနဲ့ အမေ့သားက ဘာဖြစ်လို့ အခုလိုမေးရတာတုံး”

“သားသိချင်လို့ပါအမေရဲ့”

“အမေက သားကိုကော သားအစ်မကိုပါ နှစ်ယောက်စလုံးကို အမေ့ဗိုက်ထဲကနေမွေးထားတာပဲလေ။ နှစ်ယောက်စလုံးကိုအတူတူချစ်တာပေါ့သားရဲ့”

“ဟုတ် ဒါပေမဲ့ အဖေကတော့ အစ်မကို ပိုချစ်တာပဲနော်။ သားကိုကျတော့ အစ်မလောက်မချစ်ဘူး”

“မဟုတ်တာသားရယ် သားအဖေက သားတို့မောင်နှမနှစ်ယောက်စလုံးကို အတူတူချစ်တာပါကွယ်”

“မဟုတ်ပါဘူး။ အဖေက အစ်မကို ပိုဂရုစိုက်တယ်။ အဖေက အစ်မကို သားထက်ပိုပြီး ချစ်တာသေချာပါတယ်”

“သားရယ် သားက အခု ၁၀ နှစ်ပဲရှိသေးတော့ ကိစ္စတချို့ကို ဘယ်သိဘယ်နားလည်ပါအုံးမလဲ။ သားအဖေက လွန်ခဲ့တဲ့သုံးနှစ်လောက်ကထိ အလုပ်လုပ်ပြီး မိသားစုကို ရှာဖွေကျွေးခဲ့တာ သားတို့အသိပဲလေ။ သားအဖေလေဖြန်းပြီး အလုပ်မလုပ်နိုင်တော့ သားရဲ့အစ်မက ဆယ်တန်းဆက်မဖြေတော့ဘဲ အလုပ်လုပ်ပြီး အိမ်ရဲ့တာဝန်ကိုယူခဲ့တယ်လေ။ အမေကလဲ ရပ်ကွက်ထဲအဝတ်လျှော်ရုံကလွဲလို့ ဘာမှမလုပ်တတ်ဘူးလေ။ ဒီတော့ သားအဖေက အမေတို့ ဒီမိသားစုလေး စားအိုးမပျက်စီးအောင် တာဝန်ယူပေးနေတဲ့ သမီးဖြစ်သူကို အားကိုးတာပေါ့ကွယ်။ သမီးလေးသာအလုပ်မရှိရင် သားကော၊ အမေတို့၊ အဖေတို့ကော ဒုက္ခရောက်မှာလေ သားရဲ့။ သားအဖေကလဲ အခု ကျန်းမာရေးကောင်းခါစပဲရှိသေးတာ သားလေး စကားကြားရင် သားအဖေစိတ်မကောင်းဖြစ်နေလိမ့်မယ်။ သားလေးအရွယ်ရောက်လာတဲ့အခါ တဖြည်းဖြည်းနားလည်လာလိမ့်မယ်နော်”

ပြောရင်းနှင့်ဝမ်းနည်းသံပါလာသော အမေ့ကို ကြည့်ပြီး ဖိုးထူးစိတ်မကောင်းဖြစ်မိသည်။ အမေပြောသလိုပဲ အရွယ်ရောက်လာသည့်အခါ နားလည်လာပါမည်ဆိုသည့်အတိုင်း သူလက်ခံရပေလိမ့်မည်။ မည်သို့ပင်ဆိုစေ အဖေဖြစ်သူ၏ ဂရုစိုက်မှုကိုတော့ ဖိုးထူးလိုချင်မိပေသည်။

(၃)

ယခုတစ်လော အဖေ၊ အမေနှင့် အစ်မတို့ကို ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေမှန်း ဖိုးထူးသတိထားမိသည်။ အဖေသည်လည်း အစ်မအလုပ်ဆင်းချိန်ထိ မစောင့်ဘဲ ထမင်းကြိုစားထားနှင့်သည်။ အစ်မသည်လည်း ခါတိုင်းရက်များကဲ့သို့ လန်းလန်းဆန်းဆန်းမရှိ။ အမေ့မျက်ဝန်းများသည်လည်း အားငယ်ရိပ်ယောင်များဖြင့် လွှမ်းခြုံနေသည်။ သို့သော် အဖေသည် သူ့ကို ပို၍ဂရုစိုက်လာသည်။ သူကျောင်းကပြန်လာလျှင် အဖေသည် သူနှင့် အဖော်ပြုကစားပေးသည်။ သူ စာကျက်နေလျှင်လည်း သူ့ဘေးနားတွင်ထိုင်၍ ဂရုတစိုက်နှင့်ရှိနေပေးသည်။ သူ့အလွန်ပျော်သော်လည်း ခါတိုင်းရက်များနှင့်မတူ သူ့စိမ်းဆန်နေကြသောမိသားစုဝင်များကိုကြည့်ပြီး ရင်ထဲတွင် အလိုမကျမိတာတော့ အမှန်။ ထို့ကြောင့် အဖေ လက်ဖက်ရည်ဆိုင်သွားသည့်အချိန် အမေ့ကို တီးတိုးမေးကြည့်လိုက်သည်။ အမေသည် သူ့အမေးကို ချက်ချင်းမဖြေသေးဘဲ မျက်ဝန်းအိမ်တွင် ရစ်ဝဲနေသောမျက်ရည်စများကို လက်ဖြင့်ဖယ်ရှားလိုက်သည်။ ပြီးတော့မှ သူသိလိုသည့်အကြောင်းအရာကို ပြောပြတော့သည်။

“သား သားအစ်မကို အခုလာမဲ့တနင်္ဂနွေနေ့ကျရင် သူနဲ့လက်ထပ်မဲ့သူက မိဘစုံရာနဲ့လာတောင်းတော့မယ်”

အမေပြောသည့်စကားကို သူနားလည်သည်။ တစ်နည်းအားဖြင့် အစ်မသည် ယောကျ်ားယူတော့မည်ဖြစ်ကြောင်း သူသိလိုက်သည်။ ထို့ကြောင့် ဘာမျှဆက်မမေးဘဲ အမေပြောမည့်စကားကိုသာ ဆက်၍ နားထောင်နေလိုက်သည်။

“သားရဲ့အဖေက သားအစ်မအိမ်ထောင်ပြုမယ်ဆိုတော့ စိတ်မကောင်းဖြစ်မိတာပေါ့သားရယ်။ သားအစ်မကအိမ်ထောင်ပြုပြီးရင် ဒီအိမ်က ထွက်သွားတော့မှာလေ”

“ဟင်”

အစ်မအိမ်ထောင်ပြုမည်ကို မအံ့သြခဲ့သော်လည်း သည်အိမ်မှထွက်သွားတော့မည်ဆိုသည်ကိုတော့ ဖိုးထူးရင်ထဲကြေကွဲဝမ်းနည်းမိသည်။ ထို့အတူ အစ်မ သည် အိမ်မှ စွန့်ခွာတော့မည်ကို ကြေကွဲဝမ်းနည်းနေသော အဖေ့ပုံစံကို ပြန်တွေးကြည့်မိသောအခါ အဖေသည် အစ်မကို ပိုချစ်မှန်း သူသိလိုက်ရပါတော့သည်။ သို့သော် သူစိတ်မဆိုးတော့ပေ။

“အဖေက အစ်မကို တအားချစ်တော့ ဝမ်းနည်းမှာပေါ့နော် အမေ”

“သြော်. . . သားရယ် သားအဖေဝမ်းနည်းတာက သားအစ်မအိမ်ထောင်ပြုတာ တစ်ခုတည်းကြောင့်မဟုတ်ဘူးသားရဲ့”

“ဟင် ဘာလို့လဲအမေ”

“အချိန်တန်လို့ အိမ်ထောင်ပြုသွားတာလက်ခံလို့ရပေမဲ့ ကိုယ့်သမီးဆိုတော့ အဖေကော အမေပါ ဝမ်းနည်းတာပေါ့။ သားအဖေက သမီးလေးကို တအားအားကိုးမျှော်လင့်တယ်လေ။ သမီးလေး အိမ်ထောင်ပြုသွားတဲ့အခါ အဖေတင်မက အမေရယ်၊ သားလေးရယ် အဆင်မပြေမှာတွေ၊ ကျပ်တည်းမှာတွေတွေးရင်း”

အမေသည် ဆက်မပြောတော့ဘဲ ဖြည်းညင်းစွာ ငိုရှိုက်လိုက်သည်။ အမေ့စကားကိုနားထောင်ရင်း အဖေ၏စိတ်ကို ဖိုးထူးမြင်လာသည်။ အဖေသည် အစ်မ မရှိတော့သည့်အခါ သည်အိမ်လေးကနေ အစ်မကို မှီခိုနေရသူများ၊ အားကိုးနေရသူများ အခက်အခဲဖြစ်သွားမည်ကို စိုးရိမ်နေသည်။ သားနှင့်သမီးကို သာတူညီမျှချစ်ပြီး မိဘလုပ်ကျွေးနေသည့်အရွယ်ဖြစ်သူ သမီးကို အိမ်အတွက်ပိုအားကိုးပြီး သမီးဖြစ်သူကို သားဖြစ်သူထက် အလေးပိုထားနေသလိုဖြစ်ခဲ့သော အဖေ့ကို သူနားလည်လာနိုင်ပြီဖြစ်သည်။ အချိန်တန်တော့လည်း မိဘရင်အစုံကနေ စွန့်ခွာသွားသော အစ်မကြောင့် အဖေ စိတ်ထိခိုက်ခံစားနေရသည့် အကြောင်းတရားများကိုလည်း သူခံစားသိရှိလာတော့သည်။ အဖေ့အပေါ် အထင်လွဲမိသောကြောင့်လည်း နောင်တရမိသည်။

(၄)

ယခုဆို အစ်မသည် သည်အိမ်လေးမှ အခြားအိမ်သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ အိမ်ကနေ စွန့်ခွာသွားသော်လည်း လစဉ်မိသားစုကို ပံ့ပိုးပေးမည်ဟုလည်း ပြောသွားသေးသည်။ အစ်မပြောင်းသည့်ရက်က အဖေကော အမေသာမကဘဲ သူပါငိုကြွေးမိသည်။ တစ်ပတ်လောက်ထိ နေရထိုင်ရသည်မှာ တစ်မျိုးကြီးဖြစ်ခဲ့သော်လည်း ယခုတော့ နေသားကျလာပြီဖြစ်သည်။ အဖေသည်လည်း ကျန်းမာရေးအတော်အသင့်ကောင်းနေပြီဖြစ်သည်။ သူကော အမေပါတားသော်လည်း အဖေသည် စက်ရုံတစ်ခုတွင် နေ့ပိုင်းလုံခြုံရေးလုပ်ပြီး အိမ်အတွက် ပါရမီဖြည့်ပေးနေသည်။ ဖိုးထူးသည် အဖေ့အပေါ် အပြည့်အဝနားလည်လာသလို မိဘတိုင်း၏ သားသမီးအပေါ်ထားသော သာတူညီမျှမေတ္တာတရားကိုလည်း ခံစားတတ်လာပြီဖြစ်သည်။ အချိန်တန်အရွယ်ရောက်လျှင် အဖေနှင့်အမေအားကိုးရသော သားတစ်ယောက်ဖြစ်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

“မိန်းမနဲ့သားရေ အဖေပြန်လာပြီဟေ့”

အဖေ့အသံကြောင့် သူအပြေးသွားကြိုလိုက်သည်။ အမေသည်လည်း အိမ်ထဲမှထွက်ရင်း စကားဆိုလိုက်သည်။

“ယောကျ်ားရေ ဒီနေ့ ရှင်ကြိုက်တဲ့ငါးပုတ်သင်လေးချက်ထားတယ်သိလား”

အမေ့စကားကြောင့် အဖေသည် တစ်စုံတစ်ခုကို တွေးရင်း မျက်နှာညှိုးငယ်သွားသည်။ အဖေသည် အစ်မကို သတိရသွားဟန်တူသည်။ အစ်မသည်လည်း ငါးပုတ်သင်ကြိုက်သည်လေ။ ယခုတော့ ဖိုးထူးလည်း အဖေ့ကို နားလည်နိုင်သွားခဲ့ပြီဖြစ်တော့သည်။

# ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံ လျာထားချက်ထက်ကေ ၁၀၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**အင်းတော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံလျာထားချက်ထက်ကေ ၁၀၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၈၁၆၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၇၃၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက်ကေ ၁၀၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဆီထွက်သီးနှံစုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ ဒီနှစ် ဆောင်းမှာဆိုရင် ဆီထွက်သီးနှံကေ ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာပါ။ ကေ ၄၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့တယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ လျာထားချက်ထက် ကေ ၁၀၀၀၀ ကျော်လောက် ပိုပြီးစိုက်နိုင်ခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ဆီထွက်သီးနှံစုံ စိုက်ပျိုးနိုင်မှုအနေဖြင့် မြေပဲကေ ၂၃၇၀၀၊ နှမ်း ၁၁၇၂၅ ကေ၊ ပန်းနှမ်းကေ ၂၂၀၀၊ နေကြာကေ ၁၀၉၅၀၊ မုန်ညင်းစေ့ကေ ၁၆၀ စုစုပေါင်း ၄၈၇၃၅ ကေတို့ဖြစ်ကြောင်း၊ အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မြေပဲ ၁၂၈၂၂ ကေ၊ နှမ်း ၁၁၇၄၆ ကေ ပန်းနှမ်း ၁၈၃၇ ကေ၊ နေကြာကေ ၁၁၅၆၀၊ မုန်ညင်းစေ့ ကေ ၂၀၀ စုစုပေါင်း ၃၈၁၆၅ ကေတို့ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ရပ်စောက်မြို့နယ် စမ်းရေဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကောင်းဘို့ကျေးရွာအုပ်စု စမ်းရေဦးကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စမ်းရေဦးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချို့သန်းညွန့်**



# မင်းလှမြို့နယ် မီးလောင်ကုန်း-ရေယဉ်ကျေးရွာချင်းဆက်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းလှ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မင်းလှမြို့နယ် မီးလောင်ကုန်း-ရေယဉ်ကျေးရွာချင်းဆက်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဇာလှိုင်သန်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ မင်းလှမြို့နယ် မီးလောင်ကုန်းကျေးရွာနှင့် ရေယဉ်ကျေးရွာဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းများ ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းရန်လိုကြောင်း မှာကြားသည်။

အဆိုပါ မီးလောင်ကုန်း-ရေယဉ်ကျေးရွာချင်းဆက်လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၁၂၇ သန်းဖြင့် ဌာနမှအင်ဂျင်နီယာများစုဖွဲ့ကာ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာချင်းလမ်းဖောက်လုပ်နိုင်မှုကြောင့် မီးလောင်ကုန်းကျေးရွာနှင့် ရေယဉ်ကျေးရွာတို့ရှိ အိမ်ခြေ ၂၄၀၊ လူ ၁၂၂၁ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဇာလှိုင်သန်းထံမှ သိရသည်။

**ကျော်ဦး**

## လူဆိုသောလူ

\- လောကအလယ် လူအများကိုလ
အမျိုးအစား ခွဲကြသည်၊
သူယုတ်မာ သူတော်ကောင်းလို့
ကြောင်းနှစ်ခုတည်၊
စိတ်ယုတ်နဲ့ အမြဲကြံစည်
ဤသူက လူ့ပေါက်ပန်း၊
အတ္တမာန် အခေါင်ခိုက်လို့
ရှောင်ထိုက်တယ်မှန်း။

\- နှိမ့်သူကို နှိမ့်ချင်စမ်းတဲ့
အစွမ်းက မခေဘူးနော်၊
မကောင်းကြံ သူ့အတွေးကိုလ
လမ်းဘေးစိတ်ခေါ်၊
လူမိုက်က ကျွန်တော်
အဖော်က ပါပ၊
သူ့ကိုယ်သူ အထွတ်ထိပ်သို့
ဟိတ်ဟန်လည်းပြ။

\- သုံးလူ့ရှင် မြတ်ဗုဒ္ဓက
မှတ်ကြဖို့ ဟောတော်မူ၊
လူသားတွေ နေ့တိုင်းပြောတဲ့
လူဆိုသောလူ၊
ရှိသေကြ ကြီးတဲ့သူ
ရွယ်တူကို အစဉ်လေးစား၊
ငယ်သူကို သနားကြတယ်
ဒါမှလူသား။ ။

**တာရာမင်း(ရွှေဝယ်မြေ)**

# ဟုမ္မလင်းမြို့နယ် မောင်းခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဟုမ္မလင်း ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် မောင်းခမ်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေတို့က တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ မောင်းခမ်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်က ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မောင်းခမ်းကျေးရွာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ ဒသမ ၄၆၅ သန်းဖြင့် အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းချင်းမြေခင်းခြင်းလုပ်ငန်း၊ အရှည် ငါးပေ၊ အကျယ် ၁၈ ပေနှင့် အမြင့် ငါးပေရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို MPE ကုမ္ပဏီက ဒီဇင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက ပြောပြ၍ သိရသည်။

**သက်မာ**

# အားမာန်တွေဘယ်ကရ

**ဇော်လေး**

ကျွန်တော်ဟာ ဘာလဲ ဒါမှမဟုတ် ဘာကောင်လဲ ဆိုတာက ကျွန်တော်ဘာတွေးသလဲ ဒါမှမဟုတ် ဘာတွေကို ဘယ်လိုစဉ်းစားသလဲဆိုတဲ့အပေါ် မူတည်တာပဲ။

သချာအောင်ထပ်ပြောပါရစေ။ စိတ္တေနနီယတိ လောလော။ လောကကို စိတ်ကရှေ့ဆောင်ဖန်တီးပါတယ်။ လူဆိုတာ သူတွေးတဲ့အတိုင်းလုပ်တာဖြစ်ပါတယ်။ မတွေးတာကို ဘယ်လုပ်နိုင်ပါ့မလဲ။ သူမသိဘူး။ သူမမြင်ဘူး။ သူ့မှာ ခံစားရတာမရှိခဲ့ဖူးဘူး။ သူ့စိတ်ထဲမှာ တွေးတောတာကိုပဲ ပြောလေ့ရှိတာပဲ။ စိတ်ထဲရှိတဲ့အတိုင်းသာ လက်ကလုပ်ပေတာပဲ။ ရုပ်ကို နာမ်ကစေ့ဆော်တယ်။

စိတ်ထဲမှာဘာတွေရှိသလဲ။ လောဘရှိနေရင် လောဘစိတ်က ဦးဆောင်ပြီးပြောမယ်။ လုပ်မယ်။ စိတ်မှာ ဒေါသတွေဆူပွက်ပူလောင်နေရင်ကော ဒေါသစိတ်နဲ့ပြောမယ်။ ပြုမူမယ်။ ဒေါသအလျောက် စိတ်ထဲရှိသလောက် အလုပ်က ခက်ထန်ကြမ်းတမ်းပြီး ဒေါသလက္ခဏာနဲ့ ရှိုင်းစိုင်းမှာပဲ။ သာမန်စိတ်နေ စိတ်ထားနဲ့ အဲသလိုအမူအရာမရှိနိုင်ပါဘူး။

ယာယီစိတ်နေပေါ်ပေါက်တာက ရှေ့မှာ အလေ့အကျင့်၊ အလေ့အထ၊ မကြာခဏနီးစပ်ထိတွေ့ခဲ့တဲ့ အကြားအမြင်တွေနဲ့ ဆက်စပ်တယ်။ လူနှစ်ယောက်ရဲ့ လုပ်ပုံကိုင်ပုံအပြုအမူ မတူကြဘူး။ ဘာလို့လဲ။ သူတို့စိတ်ထဲက ခံစားမှု၊ ခံယူမှုမတူကြလို့ပါ။ နမူနာ ယှဉ်ထိုးပြတာနော်။ ထင်ရှားအောင်လို့။

တစ်ယောက်က အလုပ်ကို စိတ်ပါလက်ပါ တက်တက်ကြွကြွ၊ ထက်ထက်သန်သန်လုပ်နေတယ်။ အလုပ်ကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားလုပ်နေတာ မြင်ရတယ်။ ဘာကြောင့်လဲဆိုတော့ သူ့စိတ်ထဲမှာရှိနေတဲ့အာရုံက သူ့ရဲ့ဆရာ၊ မိဘ မကြာခဏ ဆုံးမခဲ့တဲ့စကားဟာ စွဲဝင်နေတယ်။ ဘာတဲ့လဲ။

**“သန်သန်လျှောက်မှ မြန်မြန်ရောက်မယ်”**တဲ့။

ဒါကြောင့် လုံ့လ၊ ဝီရိယစိုက်လုပ်နေခြင်းပါပဲ။ နောက်တစ်ယောက်က အလုပ်အပေါ်မှာ အာရုံမဝင်စားပါဘူး။ ပြီးစလွယ်ဖြစ်ကတတ်ဆန်းပဲ လုပ်နေတယ်။ သူ့စိတ်ထဲမှာ **“မရှိလို့လုပ်စားတာ ဖြည်းဖြည်းပေါ့”** ဆိုတဲ့ အပြောင်အပြက်ပြောနေကျစကားက နားထဲမှာ ရောက်နေတယ်။ ဒီစကားကိုလက်သုံးထားပြီး မကြာခဏ ကိုးကားပြောဆိုလေ့ရှိတဲ့ သူ့ရဲ့ဘေးပတ်ဝန်းကျင်က လူတွေရဲ့ပြောနေကျ၊ ဆိုနေကျစကားက သူတို့လိုပဲ ဖျင်းအောင်၊ နုံအောင်၊ ပျင်းအောင်၊ အ အောင်၊ ဆွဲဆောင်သိမ်းသွင်းနေခဲ့တယ်။ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုတာ အမြင်၊ အကြားတွေကြောင့် စရိုက်အလိုက်ကူးစက်တတ်ခြင်းသဘောကို ပြောကြတာပဲမဟုတ်လား။

စကား စကား ပြောဖန်များသော်

စကားထဲက ဇာတိပြတယ်တဲ့။

လူတွေဟာ ကိုယ်ကြားတာ၊ မြင်တာ ယဉ်ပါးတာ အတိုင်း စိတ်ထဲမှာ စွဲငြိပြီးလိုက်ပါတွေးခေါ်တတ်တယ်။ သူတွေးမြင်တဲ့အတိုင်းပဲ ပြောဆိုလုပ်ကိုင်တယ်။ ဘယ်ပုဂ္ဂိုလ်တွေနဲ့ ထိတွေ့ယဉ်ပါးသလဲ။

မွှေးရနံ့ကြိုင်လှိုင်တဲ့ စံပယ်ပန်း၊ စကားဝါပန်းတွေ ထုပ်တဲ့ဖက်ဟာ ပန်းရနံ့တွေကူးစက်မွှေးပျံ့နေတာ သဘာဝပဲ။ ငါးပိထုပ်တဲ့ဖက်ရွက်ဟာ ငါးပိစော်နံမှာပေါ့။ ငါးပုပ်ကိုထုပ်ခဲ့တဲ့ ဖက်ရွက်ဟာ ပုပ်စော်ညှီစော် အနံ့ပဲထွက်ပေလိမ့်မယ်။ ဒါကြောင့် မင်္ဂလာတရားတော် အဆုံးအမ (၃၈) ချက်ထဲမှာ အမှတ်စဉ် (၁)က အသေဝနာစဗာလာနံဆိုတဲ့ လူမိုက်တို့ကို မပေါင်းဖော်မယှဉ်တွဲလေနဲ့ဆိုတဲ့အချက်ဟာ လူတိုင်းရဲ့ဘဝမှာ အခြေခံအဓိကကျလွန်းလို့ ရှေ့ဦးဆုံးအမှတ်စဉ်(၁) နဲ့ ဖော်ပြတာပဲပေါ့။ ဟုတ်ပေသား။

ကျွန်တော် ကျောင်းသားဘဝမှာ စာမေးပွဲတွေကို တစ်နှစ်ပြီးတစ်နှစ်၊ တစ်တန်းပြီးတစ်တန်းအောင်ခဲ့ပါတယ်။ ကျောင်းစာကို အလေးထားတယ်။ ပညာဆိုတာ ကြိုးစားမှုဖြစ်မယ်လို့မြင်တယ်။ အိမ်စာမှန်မှန်လုပ်ပါတယ်။ ကျက်စရာရှိရင် ကျက်မှတ်တယ်။ စာမေးပွဲဖြေတဲ့အခါ အခက်အခဲမရှိ ဖြေနိုင်ခဲ့တယ်။ အောင်တယ်။

**“သန်သန်လျှောက်မှ မြန်မြန်ရောက်မယ်”**

ဒီလိုလှုံ့ဆော်အားပေးတဲ့စကားတွေ နားထဲက တစ်ဆင့် စိတ်အာရုံထဲရောက်ရှိနေတယ်။

**“နောက်မကျစေနဲ့၊ စောပါစေ၊ စောတာဟာ အားလုံးကောင်းတယ်။ သေတာတစ်ခုကလွဲလို့”**

“သူများတကာထက် နောက်မကျစေနဲ့”ဆိုတဲ့ အချိန်ကိုတိကျအောင် လေးစားလိုက်နာခဲ့တဲ့အလေ့အကျင့်ရှိတော့ နိုင်ငံခြားခရီးတွေ အခေါက် ၂၀ လောက် အချိန်တိတိကျကျ သွားလာထွက်ခွာနေကြတဲ့ လေယာဉ်ခရီးစဉ်၊ ရထားခရီးစဉ်တွေ၊ ပြည်ပနိုင်ငံ အနီးအဝေး ရောက်ခဲ့ပေါက်ခဲ့သမျှ တစ်ခါမှ အခက်အခဲမရှိခဲ့ဖူးပါဘူး။ နောက်မကျစေနဲ့။ **“သေတာတစ်ခုကလွဲရင် စောတာကပဲပိုကောင်းတယ်”** ဆိုတဲ့ ဆရာတွေရဲ့အဆုံးအမက စိတ်ထဲမှာရှိနေခဲ့တယ်။ အချိန်နဲ့သွားရမယ်။ အချိန်နဲ့စားရမယ်။ အချိန်နဲ့အလုပ်လုပ်တတ်ရမယ်။ ကိုယ့်ကြောင့် သူတစ်ပါးစိတ်အနှောင့်အယှက်မဖြစ်စေရ၊ ဘယ်သောအခါမှ နောက်မကျစေရ။ စောစောပြီးစီးအောင် ကြိုတင်ပြင်ဆင်တတ်ရမယ်။ ပြင်စရာရှိတာကို ကြိုတင်ပြင်ဆင်၊ လေ့ကျင့်၊ ဇာတ်တိုက်၊ စစ်ဆေး၊ ပြုစုပြီးသားဖြစ်အောင် ကြိုတင်မြော်တွေးထားရမယ်။ ကနေ့လုပ်စရာအလုပ်တွေကို အကောင်းဆုံးလုပ်သလို နက်ဖြန်အလုပ်၊ နောက်အပတ်ပြီးရမယ့်အလုပ်၊ နောက်လပြီးစီးရမယ့်အလုပ်၊ နောက်နှစ်ကုန်ရင် အပြီးသတ်နိုင်ရမယ့်အလုပ်။ စနစ်တကျတွက်ချက်မြော်ခေါ်တတ်ရတယ်။ ကြုံရာကျပန်း ငါးပွက်ရာ ငါးစာချတာမျိုးမလုပ်ရဘူး။ အမြော်အမြင်နဲ့ အခြေအနေကို ကိုယ်ကဖန်တီးနိုင်ရမယ်။ သူများတီးတဲ့ဆိုင်းချက်ကကွက်နဲ့ ရောယောင်ပြီး ကိုယ်က ဝင်မကရဘူး။ သူများနောက်က မလိုက်ရဘဲ ကိုယ်က ဦးစီးရှေ့ဆောင်နိုင်အောင် လုံ့လ၊ ဝီရိယရှိရမှာပါ။

မြန်မာစာပေလောကမှာ ပညာရှိကဝိစာဆို တစ်ယောက်အဖြစ် ထင်ရှားတဲ့ဆရာဇော်ဂျီ (အမည်ရင်း ဦးသိန်းဟန် ဖျာပုံမြို့ဇာတိ) ရေးဖူးတာတစ်ခု မှတ်မိတယ်။ ဆရာကြီးက အလုပ်ကို ပေါ့ပေါ့ဆဆ မလုပ်ဘဲ စည်းစနစ်တကျနဲ့ အကောင်းဆုံးလုပ်အောင် ဒီမူဝါဒ မကြာခဏပြောဆိုလေ့ရှိခဲ့ပါတယ်။

**“လေးစားထိုက်သောအလုပ်ဟူသမျှတွင် ဖြတ်လမ်းမရှိ”**

**ဇော်ဂျီ(၁၉၀၇-၁၉၉၀)**

ဝါကျက တစ်ကြောင်းတည်းပဲ။ လိုရင်းကို တိုတိုရှင်းရှင်းရေးထားတော့ လေးစားထိုက်အောင် အလုပ်ကိုလုပ်မယ်ဆိုရင် အလွယ်တကူဖြတ်လမ်းကသွားသလို အလွယ်တကူပြီးစလွယ်မလုပ်လေနဲ့။ မရောက်ဘူး။ မရဘူး။ အကယ်၍ မိမိက လေးစားထိုက်သူဖြစ်အောင် ပြုမူဆောင်ရွက်မယ်ဆိုရင် မိမိလုပ်တဲ့အလုပ်ဟာ ဖြတ်လမ်းလိုက်တာမဟုတ်ဘဲ အခြေခံဥပဒေသအကြောင်း အကျိုးနိယာမနဲ့အညီဖြစ်တဲ့ လမ်းကြောင်းအမှန်အကန်ကို လိုက်နာကျင့်သုံးပြီး ကြိုးစားအားထုတ်ရမယ်လို့ ခံယူရပါမယ်။ ဒါကို လိုက်နာခံယူမှသာ လေးစားထိုက်သူ တကယ်ဖြစ်နိုင်တယ်။

အမျိုးသားစာဆို ဆရာကြီးဇော်ဂျီက ဗေဒါလမ်းကဗျာအပုဒ် ၄၄ ပုဒ် ရေးသားဖွဲ့သီသွားခဲ့တယ်။ ဗေဒါလမ်းကဗျာအမှတ်စဉ် (၁၀) ဆိုရင် ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်ရိုက်ကူးတဲ့ ပန်းပန်လျက်ပါဇာတ်ကားထဲမှာ ကြည်ကြည်ဌေးဇာတ်ဝင်ခန်းအဖြစ် သီဆိုကပြတဲ့ ဗေဒါလမ်းကဗျာ (၁၀) ပန်းပန်လျက်ပဲ အငြိမ့်သီချင်းမူရင်းကဗျာပဲလေ-

ညိုပြာပြာ လတာပြင်ခြေရင်း

လှိုင်းတက်ရာ ဗေဒါတက် လှိုင်းသက်ရာဆင်း။

ဒီသီချင်းကို တီးဝိုင်းခေါင်းဆောင် စန္ဒရားချစ်ဆွေက ကဗျာကို သီချင်းအဖြစ် အသံဖွဲ့စည်းပြီး ဂီတနဲ့တီးခတ်ဖွဲ့စည်းခဲ့တယ်။ ရုပ်ရှင်ဇာတ်ကားက စာရေးဆရာမ ခင်နှင်းယုရေးတဲ့ ပန်းပန်လျက်ပါဝတ္ထုကို ကျောရိုးပြုထားတာပါ။ ရုပ်ရှင်ဇာတ်ကားဟာ ရန်ကုန်မြို့ ရုပ်ရှင်ရုံကြီးတွေမှာ ၂၅ ပတ်တိတိ ပရိသတ်အဆက်မပြတ်လှုပြည့်လို့ စံချိန်တင်တဲ့ကားပေါ့။ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေး၊ ဘေဘီနွဲ့တို့ ထိပ်ဆုံးရောက်အောင် စန်းတက်နေတဲ့ ၁၉၆၀-၁၉၇၀ ကာလတွေပေါ့။ (ခုတော့ ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ စာရေးဆရာ၊ ဂီတမှူး အဲဒီတုန်းက စန္ဒရားချစ်ဆွေ အသက် ၃၀ ကျော်ရယ်) အားလုံး ဘယ်သူတစ်ယောက်မှမရှိကြတော့ပါ။ သူတို့ပါဝင်လုပ်ဆောင်ခွင့်ရခဲ့တဲ့အချိန်မှာ လေးစားထိုက်တဲ့အလုပ်ကို လုပ်ဆောင်သွားကြတယ် ဆိုတာကတော့ မှတ်တမ်းသမိုင်းမှာ ကျန်နေခဲ့တာပါပဲ။ ပြောစမှတ်ပေါ့။

စာရေးသူ စာရေးဆရာဖြစ်လာရတဲ့အကြောင်းရင်းတရားတွေကတော့ အများကြီးရှိကောင်းရှိနိုင်ပါတယ်။ အကြောင်းပေါင်းများစွာ ဆုံစည်းမှသာ အပွင့်၊ အသီးဆိုတာဖြစ်ပေါ်လာရတာကိုး။ စာရေးသူဖြစ်လာစေတဲ့ ကဗျာတစ်ပုဒ်ကတော့ မိမိအထက်တန်းကျောင်းသားဘဝကတည်းက အလွတ်ရအောင် စွဲစွဲမြဲမြဲခံယူတဲ့ ဆရာဇော်ဂျီရဲ့ ဗေဒါလမ်းကဗျာထဲက တစ်ပိုင်းတစ်စ ဒွေးချိုးကဗျာလက်ာလေးပါ-

**ချောင်းရေကဖောင်**

**တောင်လေကသွေး၊**

**ရွက်လင်းယဉ်မြိုင်မြိုင်နဲ့**

**ပန်းတိုင်ကို ပန်းရိုင်ဆိုက်အောင်**

**အားရိုက်ပါလေး။ ။**

ချောင်းရေက တဖောင်ဖောင်စီးနေတယ်။

တောင်လေက တသုန်သုန်လေသွေးနေရဲ့။

ရွက်ကိုဖွင့်ပြီး လေဟုန်လဲလွင့်

ကိုယ်တိုင်လဲ ပန်းတိုင်အထိ ပန်းခိုင်ဆိုက်ရောက်နိုင်အောင် အားစိုက်လိုက်ပါလား။

ကဗျာဆရာရဲ့ အားပေးသံကို ကဗျာထဲကနေ ကျွန်တော်ကြားနေမိတယ်။ ဒီကဗျာလေးက မိမိကို တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် အောင်၊ စာကြိုးစားဖြစ်၊ စာကျက်ဖြစ်အောင် အားပေးခဲ့တဲ့ ကျေးဇူးရှိပါတယ်။ ဘဝတစ်ကွေ့မှာ အားဖြစ်စေခဲ့တာ အမှတ်တရ။

တက္ကသိုလ်ကျောင်းသားဘဝရောက်လာတဲ့အခါမှာလဲ ပညာကို လေးလေးစားစား စိတ်ဝင်တစားကြိုးစားဆည်းပူးရမယ်။ တက္ကသိုလ်ဆိုတာ အထက်တန်းကျောင်းအဆင့်လို စာသင်၊ စာကူး၊ ရေး၊ ကျက်၊ ဖြေအဆင့်ထက် ကိုယ်တိုင်ရှာဖွေဖတ်ရှု၊ သုံးသပ်၊ သုတေသနလုပ်၊ စာတမ်းပြုစု၊ စာတမ်းတင်၊ လိုရင်ဖြည့်၊ မှားရင်ပြင်၊ လွဲချော်ရင် တည့်မတ်၊ ကောင်းသည်ထက်ကောင်းအောင်ကြိုးစားပြီး မိမိဘဝကို မြှင့်တင်တည်ဆောက်ရမယ်လို့ နားလည်ခံယူလာပါပြီ။ ဘာဖြစ်လို့လဲ။ နမူနာနဲ့သာဖော်ပြပါရစေ။

ဒီလိုမှတ်သားစရာအဆုံးအမမျိုးတွေ အများကြီးနဲ့ မိမိက ထိတွေ့နီးစပ်နေခဲ့ပြီ။ ဌာနစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်က စာအုပ်စာပေတွေနဲ့ ရင်းရင်းနှီးနှီးမိတ်ဆွေဖွဲ့နေခဲ့ပေပြီ။

“Know Thyself ”

**ကိုယ့်ကိုယ်ကိုယ်သိအောင်လုပ်ပါ။**

“Trust Thyself”

**မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ပါ။**

“Without Ambition,one starts nothing”

**ရည်မှန်းချက်တိုးတက်ကြီးပွားလိုစိတ်မရှိဘဲနဲ့ ဘာမှစလို့မရဘူး။**

“Nothing great was ever achieved with-out enthusiasm”

**ကြိုးစားပမ်းစား ထက်ထက်သန်သန်အားထုတ်လုပ်ဆောင်မှုမရှိဘဲ ထူးခြားတဲ့အောင်မြင်မှုရခဲ့ခြင်းဆိုတာ ဘယ်မှာမှမရှိခဲ့ဖူးဘူး။**

**Ralph Waldo Emerson(1803-1882)**

**အမေရိကန်ကဗျာဆရာ အယ်မာဆင်**

ကိုယ့်အားကိုယ်ကိုးကြိုးစားခြင်းဟာ မှန်ကန်တဲ့လမ်းကြောင်းပါပဲ။ သူတစ်ပါးကို မှီခို၊ သူတစ်ပါးဆီက နှိုက်ခံစို့၊ သူတစ်ပါးကြိုးဆွဲရာက ရရင် ဘဝတစ်ခုဟာ မပျော်ရွှင်နိုင်ပါ။ ရေသာခိုချင်လို့မရဘူး။ ဖြတ်လမ်းလိုက်ချင်ရင် မှားမှာပဲ။ (မှားရင်ပြန်ပြင်ကြရန်သာ)

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို နည်းအမျိုးမျိုးနဲ့ အနိုင်ကျင့်ဗိုလ်ကျထိုးနှက်မွှေနှောက်နေတာတွေလည်း တစ်ခါတစ်ရံ ကြုံတွေ့ရတတ်တယ်။ ဒီလိုအခါမျိုးမှာ ဇွဲသတ္တိအားမာန်နဲ့ အညံ့မခံတွန်းလှန်ရင်ဆိုင်ရဲရမှာပဲ။

**ဘဲအုပ်က တစ်ရာနှစ်ရာ**

**မဗေဒါက တစ်ပင်ထဲ၊**

**အယက်အကန်ခံလို့ ဗေဒါပျံ အံကိုခဲ**

**ပန်းပန်လျက်ပဲ။ ။**

**ဇော်ဂျီ**

မိမိတို့မှာ ခိုင်မာရဲရင့်တဲ့အားမာန်အပြည့်ရှိနိုင်တာ စာပေထဲက ရရှိခဲ့ခြင်းပါ။ စာပေရဲ့ကျေးဇူးဂုဏ်။ တို့နိုင်ငံ၊ တို့လူမျိုးဟာ ဘယ်သူ့လက်အောက်ခံမှမဟုတ်။

❖ မွှေးရနံ့ကြိုင်လှိုင်တဲ့ စံပယ်ပန်း၊ စကားဝါပန်းတွေ ထုပ်တဲ့ဖက်ဟာ ပန်းရနံ့တွေကူးစက်မွှေးပျံ့နေတာ သဘာဝပဲ။ ငါးပိထုပ်တဲ့ဖက်ရွက်ဟာ ငါးပိစော်နံမှာပေါ့။ ငါးပုပ်ကိုထုပ်ခဲ့တဲ့ဖက်ရွက်ဟာ ပုပ်စော်ညှီစော်အနံ့ပဲ ထွက်ပေလိမ့်မယ်။ ဒါကြောင့် မင်္ဂလာတရားတော် အဆုံးအမ (၃၈) ချက်ထဲမှာ အမှတ်စဉ် (၁)က အသေဝနာစဗာလာနံဆိုတဲ့ လူမိုက်တို့ကို မပေါင်းဖော်မယှဉ်တွဲလေနဲ့ဆိုတဲ့အချက်ဟာ လူတိုင်းရဲ့ဘဝမှာ အခြေခံ အဓိကကျလွန်းလို့ ရှေ့ဦးဆုံးအမှတ်စဉ်(၁) နဲ့ ဖော်ပြတာပဲပေါ့။ ❖

# မေတ္တာထားကာ ကြင်နာပါ

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

ယနေ့ ကမ္ဘာပေါ်ရှိ မည်သူမဆို မေတ္တာတရားကို မလိုချင်သူ၊ မေတ္တာမထားတတ်သူဟူ၍ ရှိမည်မထင်ပါ။ လူတိုင်းလူတိုင်းသည် မေတ္တာတရားကို ရယူလိုချင်သူ၊ မေတ္တာအအေးဓာတ်ကို ခံယူလိုချင်သူများသာဖြစ်ကြသည်။ မေတ္တာတရားကို လက်မခံ မနှစ်မြို့သည့် ဘာသာတရားမရှိပါ။ အယူဝါဒ၊ အယူအဆများသည် မည်မျှပင်ကွဲပြားခြားနားနေစေကာမူ မေတ္တာတရားကို ဘာသာတိုင်းက လက်ခံကြသည်။ မေတ္တာ၏ သဘောသဘာဝ၊ မေတ္တာ၏အတိမ်အနက်နှင့် မေတ္တာထားရှိခြင်း၏ အကျိုးကျေးဇူးကို အားလုံးက သိနားလည်ကြသည်။

မေတ္တာတရား၏ရန်သူသည် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တနှင့် မနာလိုဝန်တိုမှုတို့ဖြစ်ကြသည်။ မေတ္တာတရား၏ အဖော်မွန်တို့မှာကား ကရုဏာတရား၊ ကိုယ်ချင်းစာတရားနှင့် သည်းခံခွင့်လွှတ်ခြင်းတို့ဖြစ်ကြပေသည်။ မေတ္တာတရားကင်းမဲ့ခြင်းသည် ပူလောင်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းနှင့် မနာလိုမုန်းတီးခြင်း စသည်တို့ကို ဖြစ်ပေါ်စေသည်။

လူတိုင်းလူတိုင်းသည် မိမိတို့၏ဘဝကို ဖြတ်သန်းရုန်းကန်နေကြချိန်တွင် စိတ်ချမ်းသာစွာနေလိုကြသည်။ ပျော်ရွှင်သောဘဝ၊ သောကကင်းဝေးသောဘဝ၊ ငြိမ်းချမ်းသောဘဝကိုသာ တည်ဆောက်လိုကြသည်။ ဤသို့ဖြစ်လာကြစေရန်အတွက် အတိုင်းအရှည်မဲ့မေတ္တာ(အနန္တမေတ္တာ)တရားသည် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်နေသောအရာပင်ဖြစ်သည်။

မေတ္တာသည် စိတ်ကောင်းနှလုံးကောင်းနှင့် ယှဉ်တွဲလျက် ဖြစ်ပေါ်လာသည့်အရာပင်ဖြစ်သည်။ မေတ္တာသည် လူသားအားလုံး၏ စိတ်အေးချမ်းသာမှု၊ ပျော်ရွှင်ကြည်နူးမှု၊ ချမ်းမြေ့သာယာမှုနှင့် သောကဗျာပါဒများ ကင်းဝေးမှုများကို ပေးစွမ်းနိုင်သည်။ မေတ္တာတရား၏ ကြီးစိုးမှုကြောင့် စိတ်အေးချမ်းမှုကို ဖျက်ဆီးစေတတ်သော တစ်ကိုယ်ကောင်းဆန်မှု၊ ငါစွဲအတ္တကြီးမားမှု၊ အလိုရမ္မက်ကြီးထွားမှုတို့ကို ဖယ်ရှားနိုင်သည်။

လောကလူသား အများသူငါတို့၏ စိတ်သန္တာန်တွင် အသွင်အမျိုးမျိုး ကိန်းအောင်းနေသည်။ အကျင့်စရိုက်အမျိုးမျိုး၊ စိတ်နေသဘောထားကလည်း အများအပြားရှိနေမည်မှာ သေချာသည်။ စိတ်၏စေခိုင်းမှုအရ လုပ်ဆောင်နေကြပေရာ အကျင့်စရိုက်ဆိုးများ၊ သူတစ်ပါးအပေါ် မကောင်းကြံလိုစိတ်၊ ကိုယ့်ထက်သာ မနာလိုစိတ်၊ မုန်းတီးစိတ်၊ ရန်ပြုလိုစိတ်များလည်း မိမိတို့၏ စိတ်သန္တာန်တွင် ဖြစ်ပေါ်လေ့ရှိသည်။

ငါစွဲအတ္တကြီးမားလာမှုကြောင့် ငါ့မိသားစု၊ ငါ့အမျိုး၊ ငါ့သူငယ်ချင်း၊ ငါချစ်သူ စသည့် လွန်ကဲသော တွယ်တာမှုများ၊ ငါနှင့်ငါသာ နိုင်းစရာဟု ထင်လာသောအခါ တစ်ပါးသူများကို မတူမတန်သလို ခွဲခြားဆက်ဆံမှု၊ မတရားဖိနှိပ်မှု၊ ယုတ်မာရက်စက်မှုနှင့် မုန်းတီးရန်လိုမှုများ ဖြစ်ပေါ်လာပါတော့သည်။ ဤသည်တို့မှာ မေတ္တာ၏ဆန့်ကျင်ဘက် အခြင်းအရာများပင် ဖြစ်ပေသည်။

မေတ္တာတရားကို ရင်မှာထားရှိကြစေရန်နှင့် မေတ္တာ၏အကျိုးတရား၊ မေတ္တာ၏ အတိမ်အနက်ကို အထောက်အကူပြုစေသည့်၊ မေတ္တာတရားကိုဖော်ညွှန်းထားသည့် စာအုပ်တစ်အုပ်ကိုဖော်ပြလိုသည်။ စင်ကာပူနိုင်ငံမှ အမေရိကန်ဗုဒ္ဓဘာသာသီလရှင် ဆန်ဂျီကာဒရို (Sangye Khadro)ရေးသားခဲ့သော မေတ္တာနှလုံးသားနိုးထကြပါ (Awakening a Kind Heart) အမည်ရသည့် စာအုပ်ဖြစ်သည်။ ၎င်းစာအုပ်ပါအချက်အလက်များကိုကိုးကား၍ မေတ္တာအကြောင်းကို ရေးသားဖော်ပြလိုက်ပါသည်။

သတ္တဝါအားလုံးအတွက် အတိုင်းအရှည်မရှိသော မေတ္တာထားနည်းမှာ သတ္တဝါအားလုံး၏အကျိုးကို လိုလားသောစိတ်နှင့် အကြင်နာမေတ္တာထားခြင်းပင်ဖြစ်သည်။ မေတ္တာဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ လှပနှစ်လိုဖွယ်ရှိမှု၊ ဆွဲဆောင်မှု၊ စိတ်ဝင်စားစေမှုတို့နှင့် လုံးဝမသက်ဆိုင်ပါ။ တစ်ပါးသူတို့ပျော်ရွှင်ကြစေရန်၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး ပျော်ရွှင်စရာကောင်းသောဘဝ၊ မိမိတို့၏ ရောက်ရှိရာဘဝတွင် ကျေနပ်နေသောအခြေအနေ၊ သောကကင်းစွာ နေထိုင်ကြရသောအခြေအနေ၊ လောဘ၊ ဒေါသ၊ မာန်မာနများ၊ မုန်းတီးစက်ဆုပ်မနာလိုဝန်တိုမှုများ ကင်းဝေးသောဘဝကို ရောက်ရှိစေရန်၊ ရရှိစေရန် အတွက် စစ်မှန်သောစိတ်ထားဖြင့် မေတ္တာပို့ခြင်းကို ဆိုလိုသည်။

❖ မေတ္တာဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ လှပနှစ်လိုဖွယ်ရှိမှု၊ ဆွဲဆောင်မှု၊ စိတ်ဝင်စားစေမှုတို့နှင့် လုံးဝမသက်ဆိုင်ပါ။ တစ်ပါးသူတို့ ပျော်ရွှင်ကြစေရန်၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး ပျော်ရွှင်စရာကောင်းသော ဘဝ၊ မိမိတို့၏ ရောက်ရှိရာဘဝတွင် ကျေနပ်နေသောအခြေအနေ၊ သောကကင်းစွာ နေထိုင်ကြရသောအခြေအနေ၊ လောဘ၊ ဒေါသ၊ မာန်မာနများ၊ မုန်းတီးစက်ဆုပ်မနာလိုဝန်တိုမှုများ ကင်းဝေးသောဘဝကို ရောက်ရှိစေရန်၊ ရရှိစေရန်အတွက် စစ်မှန်သောစိတ်ထားဖြင့် မေတ္တာပို့ ခြင်းကို ဆိုလိုသည်။ ❖

သို့ပါ၍ မေတ္တာသည် အတိုင်းအဆမရှိသော အနန္တမေတ္တာ၊ အလျားအနံမရှိသောမေတ္တာဟူ၍ တင်စားပြောဆိုကြသည်။ လူသားအားလုံးသည် မိမိတို့၏မိဘများကို ချစ်ကြသည်။ အကြောင်းမှာ မိဘမေတ္တာသည် သားသမီးများအပေါ်တွင် အတိုင်းအဆမရှိပါ။ နေထိုင်မှု၊ စားသောက်မှု၊ အသက်ရှင်ရပ်တည်မှု၊ ပညာသင်ယူစေမှုနှင့် တိုးတက်ကြီးပွားစေမှု စသည်တို့ကို လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့ကြသည်။ မေတ္တာ၊ စေတနာ၊ ကရုဏာထားခဲ့ကြသည်။ ထိုအခါ သားသမီးတို့ကလည်း ချစ်ခင်ကြသည်။ အားကိုးကြသည်။ "မိဘကျေးဇူး မြင်းမိုရ်ဦး"ဟုပင် တင်စားကြသည်။ မိဘများနှင့် သားသမီးတို့ကြား မေတ္တာနှောင်ကြိုး ခိုင်မြဲခဲ့ကြသည်။

ကျွန်ုပ်တို့၏ မိသားစုသာမက သူငယ်ချင်းမိတ်ဆွေများ၊ အတတ်အသိ အလိမ္မာပညာ မျှဝေပေးနေသူ အာစရိယဆရာကျေးဇူးရှင်ကြီးများ အားလုံးတွင်လည်း မေတ္တာပေးသူ၊ မေတ္တာရယူသူများသည် မိမိတို့၏ဘဝတစ်လျှောက်လုံးတွင် ပျော်ရွှင်မှု၊ အောင်မြင်မှု၊ တိုးတက်ကြီးပွားမှုများကို ခံစားကြရသည်။ ပြဿနာအခက်အခဲများ၊ အတားအဆီးများ၊ စိတ်ဆင်းရဲမှုများ ကြုံတွေ့လာရပါလျှင်လည်း မေတ္တာစေတနာရှေ့ထား၍ အကောင်းဆုံးဖြစ်ရန် ဖန်တီးခဲ့ကြ၊ ဖြေရှင်းခဲ့ကြသည်။ မေတ္တာလက်နက် စွဲကိုင်ကြလျက် အခက်အခဲများကို ရင်ဆိုင်နိုင်ခဲ့ကြသည်။ မေတ္တာဆောင်၍ အောင်မြင်ခဲ့ကြသည်။ မေတ္တာပေး၍ နွေးထွေးခဲ့ရသည်။ မေတ္တာခြံ၍ လုံခဲ့ရသည်။

မိမိတို့၏မိဘများ၊ သူငယ်ချင်းများ၊ ဆွေမျိုးများ၊ ဆရာသမားနှင့် အကြီးအကဲများကိုသာ မေတ္တာထားကြရမည်လော။ ထိုသို့မဟုတ်ပါ။ သိသူမသိသူ၊ နီးနေဝေးနေသူများ၊ ရန်သူမိတ်ဆွေများအားလုံးကို မေတ္တာထားကြရမည်။

မေတ္တာဆိုသည်မှာ တစ်ပါးသူများအပေါ်တွင် ဂရုပြုခြင်း၊ အလေးထားခြင်း၊ စာနာပေးခြင်း၊ အကြင်နာပေးခြင်းသက်သက်သာဖြစ်၍ လူအချင်းချင်း ရင်းနှီးရန်မလိုအပ်ပါ။ မိမိနှင့် မရင်းနှီးသော်လည်း မိမိအပေါ်တွင် ပြုခဲ့ဖူးသောကောင်းကွက်၊ ကျေးဇူးပြုခဲ့ဖူးသောအချက် စသည်တို့ကိုစဉ်းစား၍ ထိုသူတို့ကို မေတ္တာပို့ပါ။ စိတ်ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ အစစအရာရာအဆင်ပြေပါစေ စသည်ဖြင့် မေတ္တာပို့ပါ။

လူ့လောကကြီးတွင် ကျွန်ုပ်တို့ သတိမပြုမိကြ၊ အမှုမဲ့အမှတ်မဲ့ နေထိုင်ခဲ့ကြသော်လည်း တစ်ဦးနှင့် တစ်ဦး ကျေးဇူးမကင်းကြသူများ အမြောက်အမြား ရှိနေသည်ကို သတိပြုမိကြစေလိုသည်။ ဥပမာ- ကျွန်ုပ်တို့ နေ့စဉ်စားသောက်နေသည့် အစားအစာများ၊ အဝတ်အထည်များသည် မည်သို့ရရှိပါသနည်း။ တောင်သူလယ်သမားကြီးများ၊ စက်ရုံလုပ်သားကြီးများ၊ ရေလုပ်သားကြီးများ၊ ဈေးသည်များ၊ မော်တော်ယာဉ်မှူးများမှတစ်ဆင့် ရရှိခဲ့သည်မဟုတ်ပါလော။

ကျွန်ုပ်တို့နေထိုင်လျက်ရှိသော တိုက်တာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ရုံးခန်းများ၊ ဈေးဆိုင်များ၊ စူပါမားကတ်ကြီးများ၊ လမ်းတံတားများ၊ ပို့ဆောင်ရေးယာဉ်များ(ကုန်း၊ရေ၊လေ) စသည်တို့ကို မည်သူတို့က ဖန်တီးပေးခဲ့ပါသနည်း။ နေ့စဉ်သုံးပစ္စည်းများ၊ ပရိဘောဂများ၊ ဇိမ်ခံပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးပစ္စည်းများ၊ သဘာဝသယံဇာတများကို တူးဖော်နေကြသူများနှင့် သောက်သုံးရေမှအစ ကျွန်ုပ်တို့အားလုံး အဆင်ပြေပြေသုံးစွဲနေကြရသည်မှာ မည်သူများကြောင့် ဖြစ်ပါသနည်း။ အသေအချာစဉ်းစားကြည့်မည်ဆိုပါက လူ့ဘောင်လောကကြီးတစ်ခုလုံး အဆင်ပြေချောမွေ့စွာ ရပ်တည်နေနိုင်ရေးအတွက် လူသားအားလုံး၏ ကျေးဇူးတရားများ၊ အချင်းချင်းအပြန်အလှန်အကျိုးပြုနေမှုများသည် လွန်စွာအရေးပါလှသည်။ ထို့ကြောင့် လောကလူသားများနှင့် သတ္တလောကကြီးတစ်ခုလုံးကို မေတ္တာထားကြရန်လိုအပ်သည်။

ထို့ထက်ပို၍ စဉ်းစားကြည့်စေချင်သည်။ ကျွန်ုပ်တို့သည် သီလဆောက်တည်ကြသည်။ ဒါနပြုကြသည်။ ပေးကမ်းစွန့်ကြဲကြသည်။ သည်းခံခွင့်လွှတ်ကြသည်။ ဤကိစ္စများကို တစ်ပါးသူများ တစ်နည်းအားဖြင့် လူပတ်ဝန်းကျင်ဆိုသည်မရှိခဲ့ပါလျှင် ပြုလုပ်၍ရမည်မဟုတ်ပါ။ သူ့အသက်ကိုမသတ်ရ၊ သူ့ဥစ္စာကိုမခိုးရ၊ လိမ်ညာမပြောရ၊ သူတစ်ပါးသားမယားကို မပြစ်မှားရ စသည်တို့မှာလည်း တစ်ပါးသူများ ရှိမှဖြစ်မည်။ သူတစ်ပါးကိုငဲ့ကွက်မှု၊ သူတစ်ပါးကိုစာနာထောက်ထားမှု၊ သနားမှုသာ အထက်ဖော်ပြပါလုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်၍(ငါးပါးသီလကို ဆောက်တည်ခွင့်)ရမည်မဟုတ်ပါလော။

ယုတ်စွအဆုံး မိမိကိုရန်ပြုလိုသူ၊ တိုက်ခိုက်လိုသူ၊ ပြောဆိုကြိမ်းမောင်းလိုသူ၊ စော်ကားလိုသူများပင်လျှင် မိမိတို့အတွက် တန်ဖိုးရှိသည်ဟုပင် ယူဆနိုင်သည်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ဒေါသကိုထိန်းချုပ်ခြင်း စသည်တို့မှာ မိမိတို့အပေါ်တွင် မကောင်းကြံသူရှိမှသာ ဖြစ်ပေါ်လာမည့် အကြောင်းတရားများဖြစ်ပေသည်။ မည်သို့ပင်ဖြစ်နေပါစေ ရန်သူပင်ဖြစ်လင့်ကစား၊ သူခိုးဓားပြများပင်ဖြစ်လင့်ကစား မေတ္တာထားကာ ခွင့်လွှတ်ကြရန်ဖြစ်သည်။

မေတ္တာနှင့်ပတ်သက်၍ စဉ်းစားတွေးတောမည်ဆိုပါက အလွန်ကျယ်ပြောလှသည်။ အတိုင်းအဆမရှိပါ။ မည်သို့ပင်ဖြစ်စေ မေတ္တာသည် လူတိုင်းလူတိုင်း လက်ကိုင်ထားသင့်သော၊ ကျင့်ကြံအားထုတ်ရမည်ဖြစ်သော အရာပင်ဖြစ်သည်။ သို့ရာတွင် မိမိတို့၏မေတ္တာသည် သန့်စင်ရန်၊ အတ္တမဆန်ရန်၊ သူတစ်ပါးထံမှ အကျိုးကို မမျှော်ကိုးရန်နှင့် မျှော်လင့်ချက်မထားကြရန် အထူးလိုအပ်သည်။

သို့ပါ၍ ကျွန်ုပ်တို့သည် လူသားအားလုံးအပေါ်တွင် စေတနာသန့်သန့်၊ မေတ္တာသန့်သန့်ထားရှိကြလျက် လူသားအချင်းချင်း ကြင်နာကြကာ အေးမြချမ်းသာသော လူ့ဘောင်ဘဝ လူ့လောကကို တည်ဆောက်ကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကျိုက်မရောမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျိုက်မရော ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မဟာမြိုင်ကျေးရွာနှင့် ကြံတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မဟာမြိုင်ကျေးရွာနှင့် ကြံတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့သည်။

မဟာမြိုင်ကျေးရွာတွင် သောက်သုံးရေ ရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၂၂၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် ဆရာတနာထွန်းကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ကြံတောကျေးရွာ၌ ရေပိုက်လိုင်း ပေ ၂၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၂၇ သန်းဖြင့် ရာမညအလင်းကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနှစ်ရွာရှိ ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

အေးမြတ်

# သတိထားစရာ အဝလွန်ရောဂါ

စိန်ဋ္ဌေးလှိုင်(ဟိုပုံးမြေ)

"အာရောဂျံ ပရမံလာဘံ"အနာရောဂါကင်းခြင်းသည် မြတ်သောလာဘ်တစ်ပါးဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာက ဟောကြားခဲ့သည်။ လူသားတို့သည် အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် ပြုမူနေထိုင်ကြရာတွင် အများအားဖြင့် ကူးစက်ရောဂါမဖြစ်ပွားရေးကိုသာ သတိပြုတတ်ကြပြီး မကူးစက်နိုင်သည့် ရောဂါများကို သတိထားမှုမှာ အားနည်းတတ်ကြသည်။ ကူးစက်ရောဂါဆိုသည်မှာ ဝေဒနာရှင်တစ်ဦးထံမှ ရောဂါပိုးများသည် အခြားသူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ အစားအသောက်၊ အသက်ရှူလမ်းကြောင်းနှင့် အသွေးအသားတို့မှတစ်ဆင့် ဝင်ရောက်ပြန့်ပွားခြင်းကို ခေါ်ဆိုသည်။

ကူးစက်တတ်သောရောဂါတွင် အမျိုးအစားများစွာရှိသည့်အနက် ထင်ရှားသောရောဂါများမှာ ကိုဗစ်-၁၉ ရောဂါ၊ HIV/AIDS ရောဂါ၊ ကာလဝမ်းရောဂါ၊ တီဘီရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ စသည်တို့ဖြစ်ကြသည်။ မကူးစက်နိုင်သည့် ရောဂါဆိုသည်မှာ ချောင်းဆိုး၊ နှာချေခြင်းနှင့် ထိတွေ့ကိုင်တွယ်ရာမှတစ်ဆင့် လူတစ်ဦးမှ တစ်ဦးထံသို့ ရောဂါပိုးများ မဝင်ရောက်ခြင်းကို ခေါ်ဆိုသည်။ မြင်သာအောင်ပြောရလျှင် ဆီးချိုရောဂါသည် လူတစ်ဦးမှ တစ်ဦးထံ မကူးစက်နိုင်ပါ။ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါတို့မှာ မကူးစက်နိုင်သည့်ရောဂါများဖြစ်ကြပြီး အဝလွန်ခြင်းဆိုသည်မှာလည်း အပါအဝင်ဖြစ်သည်။

လူအတော်များများသည် အဝလွန်ခြင်းကို ရောဂါဟု မထင်မှတ်ကြပါ။ သို့သော် အဝလွန်ခြင်းသည် ရောဂါဝေဒနာတစ်ခုပင်ဖြစ်သည်။ အဝလွန်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်အတွင်း၌ ပိုလျှံနေသောအဆီနှင့် ကြွက်သားများ စုပုံလာခြင်းကို ခေါ်ဆိုသည်။ ဗိုက်ပူ၊ ဗိုက်ရွဲခြင်းသည် ဝမ်းဗိုက်တွင် အဆီများစုပုံနေခြင်းပင်ဖြစ်သည်။ ကြွက်သားကြီးထွားခြင်းနှင့် ရေဓာတ်များပြားခြင်းကိုလည်း အဝလွန်ခြင်းဟု သတ်မှတ်ထားကြသည်။ ကမ္ဘာပေါ်တွင် ၂၀ ရာစုမတိုင်မီက အဝလွန်ခြင်းမှာနည်းပါးခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အဝလွန်ခြင်းရောဂါကို ပျံ့နှံ့ရောဂါအဖြစ် ၁၉၉၇ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခဲ့သည်။ ထို့ပြင် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်လာနိုင်ကြောင်းကို ကြိုတင်ခန့်မှန်းခဲ့ကြသည်။

အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို၍ အဝလွန်ကြပြီး ၂၁ ရာစု၌ ကမ္ဘာပေါ်ရှိအရွယ်ရောက်သူများနှင့် ကလေးများကြားတွင် ၎င်းရောဂါဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် အသက် ၁၈ နှစ်နှင့် အထက်ရှိသူများအနက်မှ မီလီယံ ၆၅၀ ကျော်မှာ အဝလွန်ရောဂါဖြစ်ပွားလျက်ရှိသည်။ ခန္ဓာကိုယ်အလေးချိန်ပြအညွှန်းကိန်း(Body Mass Index) အချိုး ၃၀ မှ ၃၄ ဒသမ ၉ ထိကို အဝလွန်ခြင်းအဆင့်(၁)၊ ၃၅ မှ ၃၉ ဒသမ ၉ ထိကို အဝလွန်ခြင်းအဆင့်(၂) နှင့် ၄၀ အထက်ကို အဝလွန်ခြင်းအဆင့်(၃) ဟု သတ်မှတ်ထားရှိသည်။

အဝလွန်ခြင်းကို ဖြစ်ပေါ်စေသည့်အကြောင်းရင်းများမှာ မျိုးရိုးဗီဇလိုက်ခြင်း၊ လှုပ်ရှားမှုနည်းသော နေထိုင်မှုပုံစံဖြစ်ပေါ်နေခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အစားအသောက်များတွင် ကယ်လိုရီအလွန်အကျွံပါဝင်ခြင်းနှင့် အအိပ်အနေနည်းပါးခြင်း စသည်တို့ဖြစ်ကြသည်။

အဝလွန်ခြင်းသည် မျိုးရိုးဗီဇနှင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များနှင့်သော်လည်းကောင်း အပြန်အလှန်သက်ရောက်လျက်ရှိသည်။ အလွန်ဝသည့်မိဘများမှ မွေးဖွားလာသော သားသမီးများ၏ ၈၀ ရာခိုင်နှုန်းသည်လည်းကောင်း၊

| ခန္ဓာကိုယ်အလေးချိန်ပြအညွှန်းကိန်း(B.M.I) | အဆင့်ခွဲခြားခြင်း |
|---|---|
| < 18.5 | ကိုယ်အလေးချိန်နည်းခြင်း |
| 18.5 – 24.9 | ပုံမှန်ကိုယ်အလေးချိန် |
| 25.0 – 29.9 | ကိုယ်အလေးချိန်ပိုခြင်း |
| 30.0 – 34.9 | အဝလွန်ခြင်းအဆင့်(၁) |
| 35.0 – 39.9 | အဝလွန်ခြင်းအဆင့်(၂) |
| > 40.0 | အဝလွန်ခြင်းအဆင့်(၃) |

ပုံမှန်ကိုယ်အလေးချိန်ရှိသော မိဘများမှမွေးဖွားလာသော သားသမီးများ၏ ၁၀ ရာခိုင်နှုန်းသည်လည်းကောင်း အဝလွန်တတ်ကြသည်။ လှုပ်ရှားမှုနည်းသော နေထိုင်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှု အားနည်းခြင်းတို့မှာ ဆက်စပ်လျက်ရှိပြီး အဝလွန်ရောဂါကိုဖြစ်စေသည်။ တိုးတက်ပြောင်းလဲလာသောအခြေအနေများနှင့်အတူ လူသားတို့၏ နေထိုင်မှုစရိုက်ပုံစံများမှာလည်း ပြောင်းလဲလာကြသည်။ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများမှာ မရှိမဖြစ် အရေးပါအရာရောက်လာကြသည်။ ၎င်းတို့ကို အသုံးပြုခြင်းအားဖြင့် လုပ်ငန်းဆောင်တာများ လွယ်ကူလျင်မြန်စေသော်လည်း ပုံမှန်လှုပ်ရှားသင့်သည့်အလေ့အထများမှာ လျော့နည်းလာမှန်းမသိ လျော့နည်းလာတတ်ပါသည်။

တစ်နည်းအားဖြင့် အထိုင်များခြင်း၊ စာဖတ်များခြင်း၊ တီဗီအကြည့်များခြင်း၊ ကွန်ပျူတာအသုံးပြုမှုများခြင်းတို့မှာ ကိုယ်လက်လှုပ်ရှားမှုကို လျော့နည်းစေပြီး သွေးလည်ပတ်မှုကို နှေးကွေးစေသည်။ အစားအသောက်များတွင် ကယ်လိုရီအချိုးအစား အလွန်အကျွံပါဝင်နေခြင်းသည် အဝလွန်တတ်ပါသည်။ ကယ်လိုရီဆိုသည်မှာ အာဟာရနှင့် အစားအစာဆိုင်ရာ စွမ်းအင်တစ်ခုဖြစ်ပြီး အစားအစာတစ်ခုခုတွင်ပါဝင်သောစွမ်းအင်ပမာဏကို ရည်ညွှန်းသည့် ယူနစ်ကိုခေါ်ဆိုသည်။ အရပ်အမြင့်နှင့် အသက်ပေါ်မူတည်ပြီး နေ့စဉ်လိုအပ်သည့် ကယ်လိုရီပမာဏမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။

ကလေးများ၊ အမျိုးသမီးများနှင့် သာမန်အလုပ်ကိုလုပ်ကိုင်သူများအတွက် ကီလိုကယ်လိုရီ ၂၀၀၀၊ အားကစားသမားများ၊ လယ်သမားများ၊ အလုပ်ကြမ်းသမားများအတွက် ကီလိုကယ်လိုရီ ၂၄၀၀ စသည်ဖြင့် လိုအပ်မည်ဖြစ်သည်။ ကယ်လိုရီများသည့် အစားအစာများမှာ မြေပဲ၊ ထောပတ်၊ အာလူး၊ ထမင်း၊ ထောပတ်သီး၊ အဆီပြည့်ဒိန်ချဉ် စသည်တို့ဖြစ်သည်။ မြေပဲ၊ ထောပတ် ထမင်းစားဇွန်း နှစ်ဇွန်းတွင် ၁၉၁ ကီလိုကယ်လိုရီ၊ ထမင်းဂရမ် ၁၀၀ တွင် ကီလိုကယ်လိုရီ ၁၃၀၊ ထောပတ်သီးဂရမ် ၁၀၀ တွင် ကီလိုကယ်လိုရီ ၁၆၀ နှင့် အဆီ ၁၅ ဂရမ် ပါဝင်သည်။ အအိပ်အနေနည်းခြင်းနှင့် အိပ်ရေးမဝခြင်းသည် ဆာလောင်တတ်ကာ အစာစားချင်စိတ်ကို ဖြစ်ပေါ်စေသည့်အတွက် အဝလွန်ရောဂါကို ဖြစ်စေတတ်ပါသည်။ အိပ်မပျော်သည့်အခါ မုန့်ပဲသရေစာတို့ကို စားသောက်တတ်ခြင်းကလည်း လူကိုဝစေပါသည်။

အဝလွန်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့်ရောဂါများမှာ ဆီးချိုသွေးချိုဖြစ်ခြင်း၊ သွေးတိုးရောဂါဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးရောဂါဖြစ်ခြင်း၊ သည်းခြေအိတ်ကျောက်တည်ခြင်း၊ ကင်ဆာရောဂါဖြစ်နိုင်ခြင်း၊ မောပန်းလွယ်ခြင်း၊ အသက်ရှူမွန်းကျပ်မှုခံစားရခြင်း၊ ခြေထောက်သွေးကြောထုံးခြင်း၊ အမျိုးသမီးများတွင် ရာသီသွေးမမှန်ခြင်း၊ ကလေးမီးဖွားရခက်ခြင်း၊ ဒူးကြွက်သားအဆစ်အမျက်များ နာကျင်ခြင်း စသည်တို့ဖြစ်ကြသည်။ ထိုရောဂါများမဖြစ်စေရေးအတွက် အဝလွန်သူများနှင့် ခန္ဓာကိုယ်အလေးချိန်ပြအညွှန်းကိန်း(B.M.I)ပိုနေသူများမှာ ကိုယ်အလေးချိန်လျှော့ချရမည်ဖြစ်သည်။ ထို့ပြင် ကျန်းမာသောစားသောက်မှုပုံစံပြောင်းလဲခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုတို့ ပြုလုပ်ရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်နေသည့်ခေတ်ကြီးတွင် အစားအသောက်များကလည်း ပုံစံအမျိုးမျိုးနှင့် အရသာမျိုးစုံထုတ်လုပ်လာကြသည်။ အစားအစာက လူနှင့်တည့်သည်၊ စားသင့်သည် မှန်သော်လည်း 'တန်ဆေး၊ လွန်ဘေး'ဆိုသည့် စကားအတိုင်း အလွန်အကျွံစားမိလျှင် အဝလွန်ခြင်းကိုဖြစ်ပေါ်စေသည်။ ကျန်းမာသောစားသောက်မှုပုံစံဆိုသည်မှာ အစားအသောက်ကို မျှတအောင် စားသုံးခြင်းကိုခေါ်ဆိုသည်။ တစ်နေ့တာအစားအသောက်များတွင် ကာဗိုဟိုက်ဒရိတ်ဓာတ်ကိုဖြစ်စေသော ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ ကောက်ညှင်းအုပ်စုကို သုံးပုံတစ်ပုံခန့်သာ စားသုံးရပါမည်။ ငါး၊ ပုစွန်၊ ပဲ၊ နို့များကို သုံးပုံတစ်ပုံခန့်သာ စားသောက်ခြင်းနှင့် အမျှင်ပါသော အသီးအနှံ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးကို များများစားသုံးပေးရပါမည်။ ထို့ပြင် ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက်၊ သကြားလုံး၊ ထန်းလျက်ဖြင့်ပြုလုပ်သော မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံ၊ တိရစ္ဆာန်မှရသော အဆီအမျိုးမျိုး၊ အုန်းဆီ၊ ထောပတ်၊ မလိုင်၊ ဆီကြော်မုန့်အမျိုးမျိုး စသည်တို့ကို လျှော့ချစားသောက်ရပါမည်။

တစ်နေ့လျှင် လေးနာရီထက် အထိုင်များသူများသည် အဝလွန်မှုကိုဖြစ်စေသည့်အတွက် ကိုယ်လက်လှုပ်ရှားမှုကိုပြုလုပ်သင့်ပါသည်။ အသင့်အတင့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် နှစ်နာရီခွဲခန့် ပြုလုပ်ရပါမည်။ ဥပမာအားဖြင့် ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ နှစ်သက်ရာ အားကစားပြုလုပ်ခြင်းတို့ဖြစ်ကြသည်။ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကိုတစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် ၁ နာရီ၊ ၁၅ မိနစ်ခန့် ပြုလုပ်ပေးနိုင်ပါသည်။ ဥပမာအားဖြင့် အပြေးတက်ခြင်း၊ ရေကူးခြင်း၊ ဘောလုံးကစားခြင်း၊ ဘတ်စကက်ဘောကစားခြင်း၊ ကြိုးခုန်ခြင်းတို့ဖြစ်ကြသည်။ ကိုယ်အလေးချိန်ကို ဖြည်းဖြည်းနှင့် မှန်မှန်သာလျှော့ချရပါမည်။ တစ်ပတ်အတွင်း တစ်ပေါင်မှနှစ်ပေါင်ထိသာ လျှော့ချသင့်ပါသည်။

အဝလွန်ရောဂါသည် ကာကွယ်ကုသနိုင်သည့် မကူးစက်နိုင်သောရောဂါ(Non-Communicable Disease)ဖြစ်သော်လည်း ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာများကို များစွာထိခိုက်စေနိုင်သည်။ အဓိကအားဖြင့် နေထိုင်စားသောက်မှုပုံစံ မှားယွင်းခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းများကြောင့်ဖြစ်ပေါ်ရသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်လှုပ်ရှားခြင်းဖြင့် အဝလွန်ရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

– **မင်းစံအိမ်ရေးသားသော အဝလွန်တာသိမ့်နည်းကျအဆီချပါစာအုပ် (၂၀၁၀)**

## မြေပုံမြို့နယ် ကံသာကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြေပုံ ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် ခေါင်းဖြူကျေးရွာအုပ်စု ကံသာကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြေပုံမြို့နယ် ကံသာကျေးရွာ၌ အလျားပေ ၁၅၀၊ အနံပေ ၁၅၀၊ အနက်သုံးပေ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု(မွှမ်းမံ) ရန်ပုံငွေကျပ် ၇ ဒသမ ၀၆ သန်းဖြင့် Sein Mya ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၇၄ အိမ်၊ လူ ၁၂၃၉ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး**

**သီရိပျံ့ရှီ ဦးအုန်းမြင့်**

**ဝန်ကြီးချုပ်(ငြိမ်း) မွန်ပြည်နယ်၊**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၇၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ ဒေါ်စန်းစန်း၏ချစ်လှစွာသောခင်ပွန်း ဝန်ကြီးချုပ်(ငြိမ်း) မွန်ပြည်နယ်၊ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သတ္တုတွင်းဝန်ကြီးဌာန သီရိပျံ့ရှီ ဦးအုန်းမြင့်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ ရက်(စနေနေ့) ညနေ ၅ နာရီ ၄၅ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ**


## ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိ



**ဘိုကလေး ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိကြောင်း ဘိုကလေးမြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများအသင်း စိုက်ပျိုးရေးတာဝန်ခံ ဦးတင်ငွေးလင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိသာဈေးရရှိခဲ့ပြီး လက်ရှိ ဖေဖော်ဝါရီလပထမပတ်မှ ယနေ့ထိ ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဈေးကောင်းရရှိလာခြင်းသည် စိုက်ပျိုးရေးကောက်ရိုးမှို စိုက်ပျိုးသူနည်းလာခြင်းနှင့် ဝယ်ယူမှုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အခုလထဲမှာ အရင်ကထက် ဈေးကောင်းရရှိနေတယ်။ ဈေးကောင်းရရှိနေတာကလဲ အရင်နှစ်တွေက ဈေးကွက်မကောင်းခဲ့တော့ ဒီနှစ် ဈေးမကောင်းလောက်ဘူးထင်ပြီး နည်းနည်းသာ စိုက်ခဲ့ကြတော့ အထွက်နှုန်းနည်းလို့ ဈေးကောင်းရနေတာလဲဖြစ်တယ်။ အခုလိုဈေးကောင်းရတော့ စိုက်ပျိုးသူတွေလဲ တွက်ခြေကိုက်နေတယ်။ ဒီနှစ် စိုက်ပျိုးစရိတ်လေးတော့ နည်းနည်းပိုကုန်ကျလာတယ်။ ဒေသထွက်မှိုတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ ရောင်းချနေတယ်။ ရန်ကုန်ဘက်ကလဲ မှိုတွေအဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများအသင်း စိုက်ပျိုးရေးတာဝန်ခံ ဦးတင်ငွေးလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ ဒေသခံများက အများဆုံး စိုက်ပျိုးကြကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများသည် စတင်စိုက်ပျိုးသည့်အချိန်မှ ၁၅ ရက်အတွင်း တစ်ကြိမ်ပြန်လည် ခူးဆွတ်ရောင်းချနိုင်သည့် အမျိုးအစားဖြစ်ကြောင်း၊ အဆိုပါကောက်ရိုးမှို ၁၅ ပေ တစ်ပေါင်လျှင် အထွေထွေ ကုန်ကျစရိတ်ငွေကျပ် ၅၅၀၀၀ ထိကုန်ကျကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘုတ်ပြင်းမြို့နယ် ကျေးရွာနှစ်ရွာတွင် မီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ပြင်းမြို့နယ် ကျေးရွာနှစ်ရွာတွင် ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကံမော်ကြီးနှင့် ရေငုံကြီးကျေးရွာနှစ်ရွာ၌ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Civil Work လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းစုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းအရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးဆွေးနွေးပြောကြားသည်။

ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စီမံကိန်းပံ့ပိုးငွေ (မဲခေါင်-လန်ချန်း အထူးရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘတ်ဂျက်)မှ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံငွေကျပ် ၂၀ ရာခိုင်နှုန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၀ ရာခိုင်နှုန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၇၅၆ ဒသမ ၉ သန်းဖြင့် ဇန်နဝါရီ ၁၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **အေးသူ**

# ညောင်လေးပင်မြို့နယ် စစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာဖြစ်သည့် စစ်ကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့်စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များအား ရန်ပုံငွေများစနစ်တကျလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် ညောင်လေးပင်မြို့နယ် စစ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား ၂၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၆၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နီလာ**



# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၅၅၂ ဧက စိုက်ပျိုးနိုင်ခဲ့

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၅၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၇၈၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ မနှစ်က ဆောင်းသီးနှံစိုက်ပျိုးရာသီကာလ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၂၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဆောင်းကာလမှာတော့ ဟင်းသီးဟင်းရွက်သီးနှံဧက ၇၀၀၀ ကျော် လျာထားတာ ဧက ၁၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေး နည်းစနစ်တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။



ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက် ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဟင်းသီးဟင်းရွက်သီးနှံ ၁၂၃၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(၂၀၆)

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၁-၂၀၂၃ရက်နေ့မှစ၍ ထုတ်ပေးလျက်ရှိရာ **၂၆-၂-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာ ထုတ်ပေး/တင်သွင်းခြင်းကို **၅-၃-၂၀၂၃** ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ လျှောက်လွှာထုတ်ယူလိုသူများအနေဖြင့် နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများအား ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ယခုနှစ် ပင်လယ်ရေလုပ်ငန်း ရာသီပိတ်သိမ်းချိန်နီးကပ်လာ၍ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသထွက် မှျင်ငါးပိဈေးကွက်သွက်လက်လှုပ်ရှားနေ



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ယခုနှစ် ပင်လယ်ရေလုပ်ငန်း ရာသီပိတ်သိမ်းချိန် နီးကပ်လာ၍ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ ဒေသထွက် မှျင်ငါးပိများ ဈေးကွက် သွက်လက် လှုပ်ရှားနေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ငါးပိ၊ ငါးခြောက်ပွဲရုံ ဈေးကွက်သတင်းများအရ သိရသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသ ပင်လယ်ရေလုပ်ငန်းများသည် နှစ်စဉ် စက်တင်ဘာလတွင် စတင်လုပ်ကိုင်ကာ မေလလယ်ခန့်တွင် ရပ်နားလေ့ရှိကြောင်း၊ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေရှိ ပင်လယ်ရေလုပ်ငန်းများသည် မိုးသက်မုန်တိုင်း အန္တရာယ်များကို ရှောင်ကြဉ်နိုင်ရန်နှင့် ပင်လယ်ရေလုပ်ငန်းသုံး ကိရိယာများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် မေလလယ်မှစ၍ စက်တင်ဘာလထိ လုပ်ငန်းများရပ်နားထားလေ့ရှိကြောင်း၊ အဆိုပါကာလများတွင် ရေထွက်ကုန်ပစ္စည်းထွက်ရှိမှု မရှိသလောက် နည်းပါးသွားလေ့ရှိသဖြင့် ဈေးကွက်တွင် ကုန်ပစ္စည်းများ နည်းပါးလျက်ရှိကာ ရေထွက်ကုန်ပစ္စည်း ဈေးနှုန်းများ မြင့်တက်လာလေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် မှျင်ငါးပိကုန်သည်များသည် ပင်လယ်ရေလုပ်ငန်းများ ရပ်နားချိန် နီးကပ်လာချိန်တွင် မှျင်ငါးပိများကို ဝယ်ယူသိုလှောင်ကာ ဈေးနှုန်းမြင့်မားသည့် မိုးရာသီကာလများတွင် ပြန်လည်ရောင်းချကြကြောင်း၊ ယခုအခါ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ လပွတ္တာမြို့နယ်၊ ပုတောမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ပြင်စလူမြို့နယ် ပင်လယ်ကမ်းခြေဒေသများရှိ ပင်လယ်ရေလုပ်ငန်း ဈေးကွက်များတွင် လှောင်လက်ကုန်သည်များက မှျင်ငါးပိများကို ဝယ်ယူသိုလှောင် နေကြပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် အထက်အညာဒေသများမှ မှျင်ငါးပိကုန်သည်များကလည်း အဆိုပါဒေသများသို့ တိုက်ရိုက်ဆင်းဝယ်ယူမှုများပြားလျက်ရှိပြီး ရန်ကုန်မြို့ ဘုရင့်နောင် ငါးပိ၊ ငါးခြောက်ဈေးကွက်မှလည်း အော်ဒါမှာယူမှု မြင့်တက်နေကြောင်း၊ ထို့ကြောင့် ယခုအခါ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများတွင် မှျင်ငါးပိ ဈေးကွက် သွက်လက်လှုပ်ရှားကာ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိ ပင်ရင်းဒေသများ၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မှျင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ သာ ပေါက်ဈေးရှိနေခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီလ ကုန်ပိုင်းတွင် မှျင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ငါးပိ၊ ငါးခြောက်ပွဲရုံ ဈေးကွက်သတင်းများအရ သိရသည်။

(၃၃၆)

# ဆီဆိုင်မြို့နယ် လွယ်ဆောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် နားခိုက် ကျေးရွာအုပ်စု လွယ်ဆောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက လွယ်ဆောင်ကျေးရွာတွင် အရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လွယ်ဆောင်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၁၇ သန်း စုစုပေါင်း ၁၃ ဒသမ ၁၇ သန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက လွယ်ဆောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ပြောပြ၍ သိရသည်။

**မောင်နိုင်**




# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး) - ဖုန်း - ၀၉ ၆၉၀၁၂၃၀၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇


## အမည်မှန်

အောင်မြေသာစံမြို့နယ်၊ ၁၂ လမ်း၊ ၆၃×၆၆ ကြားနေ (ဘ)ဦးအေးမောင်-(အမိ)ဒေါ်မိုးသီတာ တို့၏ သမီး အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မဝင်းပြည့်ပြည့်မောင် ဖြစ်ပါကြောင်း။

**မဝင်းပြည့်ပြည့်မောင်(၁/ဗမန(နိုင်)၁၂၅၃၃၃)**

### ပျောက်ဆုံးကြောင်း

ရွာထိုးကြီးမြို့နယ်နေ ပြည့်အောင် (ဘ) ဦးလှသောင် (၇/နထက(နိုင်)၁၅၈၉၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၀၅၂၄၃

### ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့နယ်နေ ရဲသူရထွန်း (ဘ) ဦးမျိုးထွန်းဦး (၉/မထလ(နိုင်)၂၅၁၇၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၀၅၂၄၃

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ ဟိန်းဝဏ္ဏဆွေ (ဘ) ဦးမျိုးမြင့်ဆွေ (၉/မဟမ(နိုင်)၁၅၆၈၆၉)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ကိုအောင်ကျော်စော(ဘ)ဦးအောင်ပိုင်သန်းညွန့် (၉/ခအစ(နိုင်)၁၅၁၂၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 760764) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၃၀၀၇၈၇

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ နီနီလွင်(ဘ) ဦးအေးလွင် (၁၄/ပတန(နိုင်)၂၁၃၃၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၆၀၂၁၉၈၁

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ ဦးစော်စော် (ဘ) ဦးဟန်ဆိုင်(၁၄/ပတန(နိုင်)၁၅၇၇၉၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၆၀၂၁၉၈၁

## ဝန်ထမ်းအလိုရှိသည်

Happy Car Workshop တွင် တာဝန်ထမ်းဆောင်ရန်

(1) **အရောင်းစာရေး** မ (2)ဦး
-ကွန်ပျူတာအခြေခံ ကျွမ်းကျင်ရမည်
(2) **ထမင်းချက်** မ (2)ဦး
(3) **ဝပ်ရှော့အလုပ်သမား** ကျား(2)ဦး
-ကားလုပ်ငန်းအတွေ့အကြုံ အသင့်အတင့်

လိပ်စာ။ 74 လမ်း× မြဝတီမင်းကြီးလမ်းထောင့်၊ မန္တလေး။
ဖုန်း။ 09-787829179 , 09-790362540

## Monalisa မှ ဝန်ထမ်းခေါ်ယူခြင်း

(1) Make-up Artist မ (3)ဦး
(2) Make-up လက်ထောက် မ (3)ဦး
(3) Camera Man လက်ထောက် ကျား (1)ဦး
(4) ဧည့်ကြို မ (3)ဦး
(5) လုံခြုံရေး ကျား (1)ဦး
အသက် (၃၅ မှ ၄၅) နှစ်အတွင်း
(6) ယာဉ်မောင်း ကျား (1)ဦး
အသက် (၃၀ မှ ၄၅) နှစ်အတွင်း

လိပ်စာ။ လမ်း၆၀၊ ၃၅×၃၆ ကြား၊ မန္တလေး။
ဖုန်း။ 09-257466077

### ပျောက်ဆုံးကြောင်း

ဟသာတမြို့နေ အောင်သန်းမြင့် (ဘ) ဦးဖောင်းမြိုင် (၁၄/ဟသတ(နိုင်)၂၈၈၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၈၇၂၂၇၀၆၇

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


စာပေ
မြင့်မှ
လူမျိုး
တင့်မည်


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူထုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးအမိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ရှိမှသာ အရည်အသွေးရှိသည့် လုပ်သားအင်အားများ ရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

**မန္တလေး စွယ်တော်မြတ်စေတီတော်တွင် ပဌမအကြိမ်မြောက် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ငါးရက်ကြာ ပြုလုပ်သွားမည်**

စာမျက်နှာ - ၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..